# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

### တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်ရန်အတွက် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေ

# ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက် လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) သို့ တက်ရောက် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

**ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များချီးမြှင့်** ပြည်တွင်းသတင်း စာ - ၇

**အာဆီယံပဋိညာဉ်ရေးဆွဲစဉ်က** ဆောင်းပါး စာ - ၁၀

# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# အဆင့်မြင့်ကုန်ကြမ်းမှ အဆင့်မီကုန်ချောထိ

နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုသည်။ ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဟု ဆိုရာတွင် အရေအတွက်အရရော၊ အရည်အသွေးအရပါ မြင့်မားစေရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် စက်မှုဇုန်များ တည်ထောင်ထားပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မိမိတို့ထုတ်လုပ်လိုက်သည့် ကုန်စည်များ ပြည်တွင်းပြည်ပတွင် ဈေးကွက်ဝေစုများ ကျယ်ပြန့်စွာ ပိုမိုရရှိရေးအတွက်လည်း စုပေါင်းအင်အားဖြင့် ကြိုးပမ်းသွားကြရမှာ ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပြည်ပဝင်ငွေတွင် စက်မှုကုန်ချောများ ထုတ်လုပ်တင်ပို့မှုမှရရှိသော ဝင်ငွေပမာဏမှာ ကြီးမားသည်။ လုပ်ငန်းအများစုမှာ Contracted Manufacturing Product–CMP ခေါ် ကုန်ကြမ်းလက်ခံ၊ ကုန်ချောထုတ်လုပ်ပေးပြီး လက်ခစားရယူသည့် လုပ်ငန်းများဖြစ်ပြီး အထည်ချုပ်လုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်း၊ ခရီးဆောင်အိတ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း စသည်တို့ အပါအဝင် လုပ်ငန်းအမယ်စုံဖြစ်သည်။ ကိုဗစ်–၁၉ မတိုင်မီ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ရရှိခဲ့ရာ နိုင်ငံ့စီးပွားရေးအတွက် အရေးပါသောကဏ္ဍဖြစ်သည်။ CMP လုပ်ငန်းများတွင် ရှေးဦးအကျဆုံးနှင့် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းများမှာ နှစ်ပေါင်း ၂၀ ကျော် ၃၀ ခန့်ရှိလာပြီဖြစ်သည့် ယနေ့အချိန်အခါတွင် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်အစအဆုံး ထုတ်လုပ်နိုင်သည့် FOB စနစ်သို့ ပြောင်းလဲနိုင်ရေး ကြိုးပမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် ထူထောင်သင့်ကြောင်း တိုက်တွန်းအကြံပြုချက်များကို မီဒီယာများတွင် တွေ့ရှိရသည်။

“ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများတင်သွင်းမှုသည် ၂၀၁၉–၂၀၂၀ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ဓာတုချည်ခင်၊ အခြားချည်ထည်မျိုးစုံ၊ ချည်ထည်နှင့်ပိတ်၊ အပ်ချည်ကြိုးတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၂၈၀ ခန့် တင်သွင်းခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါထွက်ရှိသော်လည်း ပြည်ပသို့ ကုန်ကြမ်းများတင်ပို့၍ ပြည်တွင်းသို့ ကုန်ချောများ တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ချည်မျှင်များသည် ကုန်ချောထုတ်လုပ်ရန်အတွက် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများဖြစ်ရန် လိုအပ်သဖြင့် ပြည်တွင်းဝါစိုက်ပျိုးမှုတွင် အဆင့်မြင့်ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဝါစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ချည်မျှင်ရှည်ဝါများကို အသုံးပြု၍ နိုင်ငံအတွင်းရှိ စက်ရုံများမှ အဆင့်မီ ချည်ထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂) အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ အထည်ချုပ်ကဏ္ဍကို FOB စနစ်သို့ တက်လှမ်းရေးအတွက် လိုအပ်ချက်များနှင့်အညီပင်ဖြစ်သည်။

အဆင့်မြင့်ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်ပြီး အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်မှာ စိုက်ပျိုးရေးပိုင်းတွင်ရော စက်မှုလုပ်ငန်းပိုင်းတွင်ပါ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့ လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် မိမိတို့ပြည်တွင်းမှ အဆင့်မီအရည်အသွေးကောင်း ကုန်ကြမ်းများ ထုတ်လုပ်နိုင်ပါက အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီ၍ ပြည်ပမှတင်သွင်းနေရမှုများ လျော့ကျသွားမည်ဖြစ်ပြီး ကုန်ကြမ်းအတွက် သုံးစွဲရမည့်ငွေကြေးသည် ဝင်ငွေအဖြစ်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် တွန်းအားပေး ပါဝင်နိုင်မည်ဖြစ်ပါကြောင်း။ ။




## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

## ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးလျာထားစိုက်ကေပြည့်မီရေး ဆောင်ရွက်လျက်ရှိ

**ပဲခူး ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၂–၂၀၂၃ ခုနှစ် မိုးစပါးရာသီ၌ မိုးစပါး ၂၆၉၇၃၁၈ ဧက စိုက်ပျိုးရန်လျာထားသည့်အနက် ဩဂုတ် ၁၆ ရက်အထိ ၂၆၈၂၄၄၇ ဧက စိုက်ပျိုးပြီးဖြစ်၍ လျာထားချက်အပေါ် ၉၉ ဒသမ ၄၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မိုးစပါးလျာထားချက် ပြည့်မီရန်အတွက် စိုက်ပျိုးရန်ကျန်ရှိသော မိုးစပါးကေများကိုလည်း ဩဂုတ်လကုန်အပြီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် မိုးစပါးရာသီမတိုင်မီကတည်းက တစ်လလျှင် ၁၀ ရွာ၊ ကျေးရွာအရောက် ဌာနဆိုင်ရာများပူးပေါင်းကွင်းဆင်း၍ ဒေသအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် မိုးစပါးလျာထားချက်ပြည့်မီရေး၊ မြေယာပြင်ဆင်မှုလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရေး၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ ဆောင်းသီးထပ်၊ နွေသီးထပ်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သဘာဝဘေးများမှ ကြိုတင်ကာကွယ်ပြင်ဆင်ထားရှိရေး၊ ပိုးမွှားရောဂါများ မကျရောက်ရန် ကြိုတင်ကာကွယ်ရေး စသည့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၂–၂၀၂၃ ခုနှစ် ဩဂုတ်လလယ်အထိ မိုးစပါးစိုက်ပျိုးမှုမှာ ယခင်နှစ်ကထက် ၁၁၅၆၂၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

တင်စိုး(ပဲခူး)

## စစ်တွေမြို့နယ်၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်လှစ်

**စစ်တွေ ဩဂုတ် ၁၆**

စစ်တွေမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမှတ်(၅) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (စစ်တွေ)က ဦးဆောင်ကာ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးသင်တန်း (၁/၂၀၂၂)ကို ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင်က အမှာစကားပြောကြားသည်။ သင်တန်းတွင် လူကုန်ကူးမှုများ ဖြစ်ပေါ်လာခြင်းနှင့် တွန်းအား၊ ဆွဲအားများ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှု ခြားနားချက်များ၊ ကမ္ဘာနှင့်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးခံရသူ၏ အခွင့်အရေးများ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်နှင့် လူကုန်ကူးခံရသူများ၏အရေးပါမှု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေနှင့် လူကုန်ကူးခံရသူဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်း၊ လူကုန်ကူးမှုဖြစ်စဉ်(၃)ဆင့်နှင့် စိစစ်ဖော်ထုတ်ရေးပုံစံများအသုံးပြုခြင်း၊ တွေ့ဆုံမေးမြန်းမှုပုံစံများ၊ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ တားဆီးနှိမ်နင်းခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့်သက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်လျက်ရှိပြီး အမှတ်(၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(စစ်တွေ)မှ တပ်ဖွဲ့စုမှူး ရဲမှူး မျိုးလွင်၊ ရဲအုပ် သန်းဇော်နှင့် ရဲအုပ် ဇော်မြင့်ဦးတို့က သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြံပြုဆွေးနွေးတင်ပြစဉ်။

**“တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပေးအပ်ထားသည့် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများသည် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိုးပွားမှုများရှိလာမည်ဖြစ်သဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေထုတ်ပေးခြင်းသည် နိုင်ငံအတွက် အားတစ်ခုဖြစ်မည်ဟု ယုံကြည်”**

### နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေထုတ်ပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် အပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း နိုင်ငံရေးအရ အကျပ်အတည်းများ၊ ကိုယ်ဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ဆေးကုသရေး၊ ကာကွယ်ရေး၊ စီးပွားရေးအကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို ပြည်သူများသိရှိစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိရောက်သည့် အစည်းအဝေးတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်များက စီမံကိန်းကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးများသာ ရှိခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် သက်ဆိုင်ရာအဆင့်အလိုက် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများရှိကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများအပေါ်တွင် မူတည်၍ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောကြားနေသည့် အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို သိရှိနိုင်မည်ဆိုပါက ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရန်ပုံငွေများကို ထုတ်ပေးခဲ့ကြောင်း။

နိုင်ငံ၏ စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုစေမည့် စပါးစိုက်ပျိုးရေးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် အချိန်ကာလဝေးနေသေးကြောင်း၊ ထို့ကြောင့် အဆိုပါရန်ပုံငွေများကို ဆောလျင်စွာ အသုံးချနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပဲတီစိမ်းသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်များရှိခြင်းကြောင့် ပဲတီစိမ်းများ စိုက်ပျိုးနိုင်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အတွက်လည်း တစ်ပြေးညီဖြစ်စေရေး ထိုက်သင့်သည့် မတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် မြစိမ်းရောင်စီမံကိန်းများအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးကို ပြန်လည်မြှင့်တင် ဆောင်ရွက်နိုင်စေရန်အတွက် ယခုကဲ့သို့ ရန်ပုံငွေများ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးမှုကို ဦးစားပေးဆောင်ရွက်ခြင်းသည် ငွေရမြန်သည့် မတည်ငွေ (Quick Win) ဖြစ်သည့်အတွက် လာမည့်မိုးစပါးကာလတွင် နွေသီးနှံများမှ ရရှိလာမည့် အကျိုးအမြတ်များကို မြေဩဇာများဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါရန်ပုံငွေများကို ပေးအပ်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး စသည့်စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန်မလိုအပ်ဘဲ ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိမည် ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများမှ ရှေးယခင်ကာလများက နိုင်ငံတော်မှ ချေးယူထားပြီး ဆပ်ရန် ကျန်ရှိနေသေးသည့် စိုက်ပျိုးရေးချေးငွေများကို ယခုရရှိမည့် အကျိုးအမြတ်များထဲမှ ထိုက်သင့်သလို ပြန်လည်ပေးဆပ်ရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် သမဝါယမအစုအဖွဲ့ ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါး စိုက်ပျိုးရန် လိုအပ်သည့် မြေဩဇာ၊ ရေနှင့် မျိုးများ ရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး စိုက်ဧကတစ်ဧကလျှင် အနည်းဆုံး တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်တစ်နှစ် မိုးစပါး စိုက်ပျိုးမှုနှင့် နွေစပါး စိုက်ပျိုးမှုအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခြားပိုလျှံသည့် ငွေများမှ ပဲသီးနှံများ၊ ဝါနှင့် အခြားသီးနှံများ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် မိုးသီးနှံများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ နှစ်ဆ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ချိန်တွင် တောင်သူလယ်သမားများအနေဖြင့် စိုက်ထုတ်မှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန် တွက်ချက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပေးအပ်ထားသည့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများသည် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိုးပွားမှုများရှိလာမည်ဖြစ်သဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေထုတ်ပေးခြင်းသည် နိုင်ငံအတွက် အားတစ်ခုဖြစ်မည်ဟုယုံကြည်ကြောင်း။

### နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ထုတ်ကုန်များ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လိုအပ်မှု

နိုင်ငံတစ်ခု၏ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေးအား ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် ထုတ်လုပ်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းဟူ၍ နှစ်မျိုးရှိပြီး ပစ္စည်းရှိမှသာ ကုန်သွယ်မှု ပြုနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူနှင့် ဟောင်ကောင်ကဲ့သို့သော နိုင်ငံများသည် အခြားနိုင်ငံများမှ ထုတ်လုပ်သည့် ထုတ်ကုန်များဖြင့် ကုန်သွယ်ရေးဆောင်ရွက်၍ နိုင်ငံစီးပွား တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်လာသည့် နိုင်ငံများဖြစ်ကြောင်း၊ ၎င်းနိုင်ငံများတွင် ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ စက်ရုံကြီးများမရှိဘဲ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသာရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်သွယ်ရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းနှစ်မျိုးလုံး ဆောင်ရွက်၍ရကြောင်း။

ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင် ဆောင်ရွက်၍ရကြောင်း၊ ရောင်းချရန်အတွက်လိုအပ်သည့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် စီးပွားရေးစက်ဝန်းတွင် များစွာအကျိုးရှိသဖြင့် ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းရှိအောင် ကြိုးပမ်း၍ ကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

- ❍ နိုင်ငံ၏ စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုစေမည့် စပါးစိုက်ပျိုးရေးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်
- ❍ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် အချိန်ကာလဝေးနေသေး
- ❍ အဆိုပါရန်ပုံငွေများကို ဆောလျင်စွာ အသုံးချနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်
- ❍ အလားတူ ပဲတီစိမ်းသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်များရှိခြင်းကြောင့် ပဲတီစိမ်းများ စိုက်ပျိုးနိုင်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်
- ❍ နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း တစ်ပြေးညီဖြစ်စေရေး ထိုက်သင့်သည့် မတည်ငွေများ ထုတ်ပေးခဲ့

# ပြည်တွင်းနိုင်ငံခြားငွေကြေး လဲလှယ်နှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေထွက်ငွေ အခြေအနေတို့အပေါ်တွင် မူတည်ကာ ဗဟိုဘဏ်က တွက်ချက်သတ်မှတ်ခြင်းဖြစ် ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှု မရှိခြင်းဖြစ်

*စာမျက်နှာ ၃ မှ*

ထုတ်လုပ်သူများအတွက်လည်း ကုန်ထုတ်လုပ်မှုများမှ အကျိုးအမြတ်များ ရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံခြားဝင်ငွေများအနေဖြင့် ကုန်သွယ်မှု (Trade) နှင့် ကုန်သွယ်မှုနှင့် မသက်ဆိုင်သည့် (Non Trade) တို့မှ ဝင်ငွေများရှိကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တင်ပြချက်များအရ မိမိတို့နိုင်ငံတွင် နှစ်စဉ်ကုန်သွယ်မှု လိုငွေများရှိခဲ့ပြီး ၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင်သာ ပိုငွေအနည်းငယ်ပြခဲ့သည်ကို သိရှိရကြောင်း၊ ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများဖြင့် လည်ပတ်အသုံးပြုနေသည်ကို သိရှိရခြင်းကြောင့် နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပဝင်ငွေများရရှိရေး ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရေအတွက် ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်၍ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ကုန်သွယ်မှုကို မြှင့်တင်ရန်လိုကြောင်း။

ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်ရန်အတွက် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အချို့ပစ္စည်းများမှာ သတ်မှတ်ထားသည့် အရည်အသွေးမရှိသည်ကို တွေ့ရှိရသဖြင့် လိုအပ်သည့် စက်ပစ္စည်းများနှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

ပြည်ပမှ တင်သွင်းလျက်ရှိသည့် ပစ္စည်းများတွင် ဝါနှင့်ပတ်သက်၍ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများတင်သွင်းမှုသည် ၂၀၁၉-၂၀၂၀ ခုနှစ်ဘဏ္ဍာနှစ်အတွင်း ခ၀တုချည်ခင်၊ အခြားချည်ထည်မျိုးစုံ၊ ချည်ထည်နှင့် ပိတ်၊ အပ်ချည်ကြိုးတန်ဖိုး စုစုပေါင်း အမေရိကန် ဒေါ်လာသန်း ၁၂၈၀ ခန့် တင်သွင်းခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါထွက်ရှိသော်လည်း ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့၍ ပြည်တွင်းသို့ ကုန်ချောများတင်သွင်းနေရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ချည်မျှင်များသည် ကုန်ချောထုတ်လုပ်ရန်အတွက် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများဖြစ်ရန် လိုအပ်သဖြင့် ပြည်တွင်းဝါစိုက်ပျိုးမှုတွင် အဆင့်မြင့် ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဝါစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ချည်မျှင်ရှည်ဝါများကို အသုံးပြု၍ နိုင်ငံအတွင်းရှိ စက်ရုံများမှ အဆင့်မီချည်ထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်အောင် အားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးနှင့် အမျိုးသားရေး ရည်မှန်းချက် ဖော်ဆောင်မှု**

နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတည်ငြိမ်လာပြီး ဆောင်ရွက်လိုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံရေးရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် တစ်ဖက်မှလည်း ငြိမ်းချမ်းရေး၊ နိုင်ငံရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူမှုရေးနှင့်ပတ်သက်၍လည်း ပြည်သူတစ်ဦးချင်း၏ အသိပညာ၊ အတတ်ပညာနှင့် လျော်ညီသည့် လူနေမှုစနစ်ကို ဖန်တီးပေးနိုင်ရန်လိုကြောင်း၊ လူနေမှုစနစ် ကောင်းမွန်ရန်အတွက် ပညာတတ်ရန်နှင့် စီးပွားရေးကောင်းမွန်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများရရှိအောင်ဖော်ဆောင်ပေးရန်လိုကြောင်း၊ လူမှုရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်များပါဝင်ကြောင်း။

လူမှုစီးပွားနှင့် ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှ တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးဟုဆိုရာတွင် စားသောက်စရာ ဖူလုံရေး၊ သုံးစွဲရန်ရေဖူလုံရေး၊ ရိက္ခာဆိုရာတွင် အသုံးအဆောင်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ဖူလုံရေးများပါဝင်ကြောင်း၊ စားသောက်မှု ဖူလုံရုံတင်မက ရေရှားပါးသည့်ဒေသများအတွက် ရေလုံလောက်စွာရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်သည့် ဒေသများအတွက်လည်း ရေလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင် စားရေရိက္ခာပေါများရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည်ကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များကို နိုင်ငံအတွင်း ဖူလုံစွာဖြင့် ပေါများအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးရည်မှန်းချက်သည် နိုင်ငံအတွက် အဓိပ္ပာယ်ရှိစွာဖြင့် ချမှတ်ထားခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် "နိုင်ငံရေးရည်မှန်းချက်မှာလည်း နှစ်ချက်က ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး။ ဒါဟာ ပြည်သူကရွေးချယ်ထားတာ ကျွန်တော် ဘာမှငြင်းစရာ အကြောင်းမရှိဘူး။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စု။ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကို ပေးထားတဲ့ ပြည်ထောင်စုကို သွားရမယ်။ ဒါ့ကြောင့် ဝန်ကြီးချုပ်တွေကိုလည်း ကျွန်တော်ပြောတယ်။ ခင်ဗျားတို့ ဖက်ဒရယ်အာဏာတွေ ခင်ဗျားတို့ ရှိနေတယ်။ ဒီအပေါ်မှာ ခင်ဗျားတို့လုပ်ကြည့်ပါ။ အခုလည်းသူတို့လုပ်ကြတာပဲ။ တချို့ပြည်ထောင်စုကပြောတာ။ ဗဟိုကပြောတာ မဟုတ်ဘူး သူတို့ဘာသာလုပ်နေတဲ့ဟာ။ ရည်မှန်းချက်တွေ အများကြီးပါတယ်။ ကျွန်တော်ကလည်း တချို့ဟာတွေ သဘောကျတယ်။ ဒါဆိုကောင်းတယ်။ လုပ်ပါ။ အားပေးပါတယ်။ ခင်ဗျားအတွက် အခက်အခဲရှိရင် ကျွန်တော့်ကိုပြော။ ဒီလိုပြောပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကို၊ လုပ်ပိုင်ခွင့်ကိုပေးထားတဲ့ ပြည်ထောင်စုကို သွားရမယ်။ နိုင်ငံရေးမှာ ရည်မှန်းချက် နှစ်ခုက ဒါပဲဖြစ်တယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အရေးကြီးတာက ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ သွားနေတယ်။ နားလည်တဲ့သူတွေကတော့ ငြိမ်းချမ်းရေးအတွက် လာကြတာပေါ့။ နားမလည်တဲ့သူကတော့ ဘေးကနေပြောနေကြတုန်း ရှိပါသေးတယ်။ အခု ၁၀ ဖွဲ့ ကျွန်တော်တို့ဆွေးနွေးပြီးသွားပြီ။ မနေ့တစ်နေ့ကပဲ ကျွန်တော် SSPP အဖွဲ့နဲ့ဆွေးနွေးတယ်။ ကျွန်တော်တို့ အားလုံးအောင်မြင်ပါတယ်။ အခုနကပြောတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီ အုပ်ချုပ်ရေးနဲ့ ဖက်ဒရယ်အာဏာကို ပေးထားတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခင်ဗျားတို့ လက်ခံလား မေးတော့၊ အကုန်လက်ခံတယ်ပြောတယ်။ ကျွန်တော်ဒုတိယအကြိမ်ပြန်တွေ့မယ်။ ဒီလထဲမှာ ပြန်တွေ့ဖို့ကြိုးစားနေတယ်။ အဖွဲ့ ၁၀ ဖွဲ့လုံးကို အုပ်စုဖွဲ့ပြီး တစ်ခါဆွေးနွေးမယ်။ စက်တင်ဘာလကျလို့ရှိရင် တစ်ခါသူတို့နဲ့ အားလုံးပြန်တွေ့မယ်။ အဲ့ဒါပြီးရင် လက်မှတ်ထိုးနိုင်ဖို့ ကြိုးစားမယ်။ ဒီအတွက်တော့ ဘယ်လောက်ကြာမလဲ ကျွန်တော် မပြောနိုင်သေးဘူး။ အခြေခံသဘောတူညီချက်ရပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ မရစရာ အကြောင်းမရှိဘူးလို့ မြင်ပါတယ်။ ဒါကိုဘာကြောင့် EAO တချို့အဖွဲ့တွေက နားလည်မှု မရှိနိုင်လည်းဆိုတာ ကျွန်တော်လည်း မတွေးတတ်ဘူး။ တကယ်လို့ ပြည်ထောင်စုအပေါ်မှာ၊ တကယ်ကို တိုင်းရင်းသားအရေး၊ ပြည်ထောင်စုအရေးကို တကယ်မျှော်မှန်းလို့ရှိရင် ဒီနှစ်ချက်အပေါ်မှာ အခြေခံပြီးလုပ်မယ်ဆိုရင် ဘာမှမဖြစ်စရာအကြောင်းမရှိဘူး။ ကျွန်တော်တို့ကိုယ်တိုင်က လိုလားပါတယ် ပြောထားပြီးပြီပဲ။ ဖြစ်ချင်ပါတယ် ပြောထားပြီးပြီပဲ။ အဲ့ဒီအတွက် လာပြီးဆွေးနွေး။ ကျွန်တော်တို့ပြောမယ်။ အဲ့ဒီကျရင်။ ဒါကတော့ ဖြစ်နိုင်ဘူး။ ဒါကတော့ ဖြစ်နိုင်တယ်။ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ ဖြစ်ချင်တာဒါရှိတယ်။ ခင်ဗျားတို့ ဖြစ်ချင်တာ ဒါရှိတယ်။ အဲ့ဒီတော့ နှစ်ဖက်ညှိပြီးတော့ ဖြစ်သင့်တာတွေကို ကျွန်တော်တို့ သဘောတူညီချက်ရအောင်ယူ။ ဒါပဲဗျာ။ အဖြေက" ဟု ပြောကြားသည်။

> ❊ **နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန် ခက်ခဲနေမည်၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်**
>
> ❊ **နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ**

ဆက်လက်ပြီး နိုင်ငံရေးတွင် ဆွေးနွေးအဖြေရှာခြင်းကို အားလုံးက လက်ခံထားပြီးဖြစ်ကြောင်း၊ အာဆီယံသဘောတူညီချက် (၅)ရပ်ထဲတွင် တွေ့ဆုံဆွေးနွေးရန်အချက် ပါရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခြေအနေမျိုး မရောက်ရှိရန်အတွက် မဲစာရင်းများမှားယွင်းမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၂၀ နှောင်းပိုင်းကာလ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင်လည်း လွှတ်တော်တွင် ဆွေးနွေးရန်၊ သို့မဟုတ် ကော်မရှင်နှင့် ဆွေးနွေးရန်အတွက် ပြောကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဆွေးနွေးရန် လက်ခံမှုမရှိခဲ့ဘဲ မျက်ကွယ်ပြုခဲ့ကြောင်း၊ ထိုသို့မျက်ကွယ်ပြုခဲ့ခြင်းမှာ ၎င်းတို့မဲစာရင်းမှားယွင်းမှုကို ဖြေရှင်းရန် သက်သေအထောက်အထား မပြနိုင်ခြင်း၊ မပြနိုင်ကြောင်းတွေ့ပါကလည်း မဲမသမာမှုကြောင့် ရွေးကောက်ပွဲ အထမမြောက်မည်ကိုဝန်ခံရာရောက်မည် စိုးရိမ်သောကြောင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည် ကိုတွေ့ရှိရကြောင်း။

ထို့ကြောင့် ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများ မပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးရန် မဖြစ်နိုင်ကြောင်း၊ ဥပဒေကြောင်းအရသာ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သော အခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်း မျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍**

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ထိန်းသိမ်းမှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ သို့သော် ယခုလ ဒုတိယ ပတ်မှစ၍ ပိုးတွေ့လူနာ ၁၀ ဦးနှင့် ၂၀ အကြား တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ စည်းကမ်းချက်များကို စနစ်တကျဖြင့် လိုက်နာရန် လိုကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသူများကို ပိုမိုသတိထားဆောင်ရွက်ရမည်ဖြစ်ပြီး နယ်စပ်ဂိတ်ပေါက်များနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်လည်း စနစ်တကျဖြင့် စစ်ဆေးဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ် ၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ အချို့သောကျေးရွာများတွင် အကြောင်းအမျိုးမျိုးဖြင့် ဆေးထိုးနှံမှုမရှိသေးသည့်သူများ ရှိနေကြောင်း၊ ထို့ကြောင့် တစ်ဖက်မှ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကိုဗစ်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကျန်းမာရေးရှုထောင့်မှကြည့်၍ ပြင်ဆင်ရန်လိုအပ်သည်များကို စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကောင်စီဝင်များအနေဖြင့် မိမိတို့အပိုင်းအလိုက် ဆောင်ရွက်၍ရသည်များကို လိုက်ပါ၍ တွန်းအားပေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒေသအလိုက်ခေါင်းဆောင်များကို နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိအောင် ဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်ရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက လုပ်ငန်းအရှိန်အဟုန်များ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက ပြည်ပသြဇာခံများ၊ အမျိုးသားရေး သစ္စာဖောက်များနှင့် နိုင်ငံတော် သစ္စာဖောက်မှုများကို ထိရောက်စွာ အရေးယူနိုင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေး၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့် စပ်လျဉ်းသည့် သမိုင်းမှတ်တမ်းအသေးစိတ်ကို ကျောက်စာရေးထိုး မှတ်တမ်းတင်နိုင်ရေး၊ နိုင်ငံအတွင်း ကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း တည်ငြိမ်မှုမရှိစေရန် ဆောင်ရွက်နေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ သမိုင်းဝင်ပုဂ္ဂိုလ် အထိမ်းအမှတ်မော်ကွန်း ဥပဒေတွင် ပြင်ဆင်ဖြည့်စွက်လိုသောအချက်များ၊ ပြည်ပပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေကို ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်လည်ပတ်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူငယ်ရေးရာကော်မတီများတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ဘာသာရေးကို အကြောင်းပြု၍ လှည့်လည်စည်းရုံးဟောပြောလှုံ့ဆော်မှုများကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် တရားလွှတ်တော် အဆောက်အဦဆောက်လုပ်ရန် ခွင့်ပြုထားသည့် မြေနေရာရှိ အချို့ဝန်ကြီးဌာနပိုင် အဆောက်အဦနှင့် မြေနေရာများ စွန့်လွှတ်ပေးရေး၊ နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ နိုင်ငံအတွင်း ငွေကြေးတန်ဖိုး တည်ငြိမ်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင်ပုဂ္ဂိုလ် အထိမ်းအမှတ်မော်ကွန်း ဥပဒေတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များကို အကြံပြု ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေကြေး လဲလှယ်နှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေထွက်ငွေ အခြေအနေတို့အပေါ်တွင် မူတည်ကာ ဗဟိုဘဏ်က တွက်ချက်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း စီးပွားရေးကျဆင်းမှုများ တွေ့ကြုံနေကြရကြောင်း၊ အရန်ငွေကြေး နည်းပါးသည့် မိမိတို့နိုင်ငံအတွက်လည်း ထိခိုက်မှုများရှိကြောင်း၊ သို့သော် လက်ရှိကုန်သွယ်မှုစနစ်အရ ပြဿနာမရှိနိုင်ကြောင်း။

စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင်ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခုလကုန်ပြီး မကြာမီ ဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရန် မလိုကြောင်း၊ စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်ကြောင်း၊ သတ်မှတ်ချက်အတိုင်း ရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

**"စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိ လုံလောက်စွာရှိပြီးဖြစ်၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်ဖြစ်၊ ထို့ပြင် ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခုလကုန်ပြီး မကြာမီဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်၊ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရန်မလို၊ စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်၊ သတ်မှတ်ချက်အတိုင်း ရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်"**

မိမိတို့ တာဝန်ယူသည့် တစ်နှစ်ခွဲကာလအတွင်း အခက်အခဲမျိုးစုံကို ဖြတ်ကျော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလာမည့် ၆ လတာ ကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဦးမော့လာအောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်း ၆ လတာ ကာလသည် အရှိန်အဟုန်ဖြင့် မောင်းနှင်ဆောင်ရွက်ရမည့် ကာလဖြစ်ကြောင်း၊ စီးပွားရေး ဦးမော့လာပြီး နိုင်ငံရေး တည်ငြိမ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ငြိမ်းချမ်းရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အားလုံး တက်ညီလက်ညီတွန်းအားဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း ရှုထောင့်မျိုးစုံမှ စွမ်းအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လုံခြုံရေးတပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တို့အတွင်း နယ်မြေ လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာ များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ နေအိမ်လိုင်းခန်းများအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုင်းတုံမြို့နယ်ရှိ အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၁၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ယမ်းဝိုးကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ သွားရောက်တွေ့ဆုံပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နယ်မြေခံဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့က ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး ဆေးရုံတက်ရောက်ရန် လိုအပ်သူများအား နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ယမ်းဝိုး ကျေးရွာအတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများ၊ တံတားများ ပျက်စီးဆုံးရှုံးမှုများကို လိုက်လံကြည့်ရှုကြပြီး လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက် ပျက်စီးဆုံးရှုံးသွားသော လမ်း၊ တံတားများကို ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုး၊ အဘွားများအား နယ်မြေခံဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# ဘီလပ်မြေစက်ရုံအသီးသီးအနေဖြင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးလျက်ရှိသကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားရယူနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားစနစ်မှ ရယူသုံးစွဲလျက်ရှိသော ဘီလပ်မြေစက်ရုံများနှင့် ကိုယ်ပိုင်ဓာတ်အားပေးစက် တပ်ဆင်အသုံးပြု ဆောင်ရွက်လျက်ရှိသော ဘီလပ်မြေစက်ရုံများ၏ လျှပ်စစ်ဓာတ်အားရယူသုံးစွဲဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသဖြင့် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံကိုအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနည်းမျိုးစုံဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးတိုးတက်ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများနှင့် စက်မှုဇုန်/စက်မှုလက်မှုလုပ်ငန်းများတွင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကိုလည်း တည်ဆောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဓာတ်အားစနစ်မှ ရယူသုံးစွဲလျက်ရှိသော ဘီလပ်မြေစက်ရုံများနှင့် ကိုယ်ပိုင်ဓာတ်အားပေးစက် တပ်ဆင်အသုံးပြု ဆောင်ရွက်လျက်ရှိသော ဘီလပ်မြေစက်ရုံများ၏ လျှပ်စစ်ဓာတ်အား စနစ်တကျ ရယူ/သုံးစွဲဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ ဘီလပ်မြေစက်ရုံအသီးသီးအနေဖြင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးလျက်ရှိသကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် အပူစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင် အစရှိသော စွမ်းအင်အရင်းအမြစ်တို့မှ လျှပ်စစ်ဓာတ်အားရယူနိုင်ရေး စီမံဆောင်ရွက်သွားနိုင်ကြောင်း၊ ထိုသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာကိုလည်းဝန်ကြီးဌာနမှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲရှိပါက ပြန်လည်တင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ သက်ဆိုင်ရာနယ်မြေများရှိ ဘီလပ်မြေစက်ရုံများ၏ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားရယူ/ သုံးစွဲဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၊ မြန်မာ့သင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၈ နာရီက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်သို့ သွားရောက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းခန်းမဆောင်၌ ကျောင်းအုပ်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပို့ချနေမှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်ဆောက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့စွာတည်ဆောက်သွားရန်၊ ဘဏ္ဍာငွေကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်၊ သင်ရိုးညွှန်းတမ်းများကို ခေတ်စနစ်နှင့်အညီ ရေးဆွဲသင်ကြားသွားရန်၊ လုံခြုံရေးနှင့် ကျန်းမာရေး ကိစ္စရပ်များကို မိသားစုများအပါအဝင် အစဉ်အမြဲ ဂရုပြုနေထိုင်သွားကြရန် မှာကြားခဲ့ပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သင်တန်းသားများ စားရိပ်သာ၌ အရာရှိလောင်း ဒီပလိုမာ သင်တန်းသားများနှင့်အတူ ရင်းရင်းနှီးနှီး နေ့လယ်စာ သုံးဆောင်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စားရိပ်သာ ချက်ပြုတ်သည့် နေရာတွင် သန့်ရှင်းမှုရှိစေရေး၊ သင်တန်းသား လက်တွေ့လေ့ကျင့်သည့် ရေကူးကန်နေရာ၊ သင်တန်းသားများ၏ Gym ကစားသည့်နေရာ၌ အားကစားပစ္စည်းများ ထားရှိမှုနှင့် တည်ဆောက်ပြီးသည့် လေးခန်းတွဲ၊ ခြောက်ထပ် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမတွင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးပေါင်းစပ် ညှိနှိုင်းပေးခဲ့ပြီး အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်း၌ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ MV ဥသျှရေယာဉ် လွန်းတင်ထားမှု၊ ရေလုံလွန်းကျင်းနှင့် ဆက်စပ်လုပ်ငန်းများ အခြေအနေ၊ ရေယာဉ်ပြုပြင်ရေးအလုပ်ရုံ တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာသည် မြန်မာနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက ရန်ကုန်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



# ဝေါမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်

**ဝေါ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စနစ်တကျလယ်ယာမြေ၊ ကုန်းမြင့်လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နိုင်အတွက် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးရာ ဝေါမြို့နယ်အတွင်း ထွန်စက်ကြီး ၃၃၈ စီး၊ လက်တွန်းထွန်စက် ၃၃၆၄ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၇၃စီးတိုကို ဖြန့်ဖြူးပေးပြီးဖြစ်သည်။ အဆိုပါ လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း အသုံးပြုနိုင်ရေးနှင့် စက်ကိရိယာပစ္စည်းများ ပြင်ဆင်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဟန်ညီညီက သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဝေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၄ အုပ်စု၊ ကျေးရွာ ၁၁၇ ရွာမှ တောင်သူ ၃၀ အား ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

# အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ အသိပညာပေးဆွေးနွေးကျင်းပ





**ရန်ကုန် ဩဂုတ် ၁၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးခန်းမ၌ ကျင်းပသည်။(ယာပုံ)

ဆွေးနွေးပွဲတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကားများ ပြောကြားကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက်လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများမှ ထုတ်လုပ်မှုအလေ့အကျင့်သို့ ကူးပြောင်းခြင်း၊ ပြည်တွင်းပြည်ပ လျှပ်စစ်ပစ္စည်းကိရိယာများ စစ်ဆေးခြင်း၊ မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဆောင်ရွက်နေခြင်း၊ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး လိုအပ်သော အကြံပြုချက်များနှင့် မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေးတို့ကို ရှင်းလင်းတင်ပြကြပြီး အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လိုအပ်ချက်များနှင့် အကြံပြုချက်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အစိုးရ-ပုဂ္ဂလိက ကဏ္ဍများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော် အာဟာရသုခဈေးရှိ Steel Structure ဈေးရုံနှစ်ရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့ နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးရှိ ညောင်ပင်ကွင်းပုံကျဈေးနေရာတွင် Steel Structure(၂၃၂'x ၁၆၀')နှင့် (၁၆၀'x ၈၆'x၇၀')ဈေးရုံနှစ်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က အသစ်တည်ဆောက်လျက်ရှိသည့် ဈေးရုံအဆောက်အဦ နှစ်လုံးသည် မကြာမီပြီးစီးတော့မည်ဖြစ်၍ ဈေးလုံခြုံရေးအတွက် ခြံစည်းရိုး ပြုပြင်မွမ်းမံရန်နှင့် ဈေးရုံရှေ့မျက်နှာစာကို ကွန်ကရစ်ပလက်ဖောင်းခင်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ဈေးရုံပတ်လည်ရှိ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရေးအတွက် စနစ်တကျတည်ဆောက်ရန်နှင့် ရေမြောင်းဖုံးများ တပ်ဆင်ဆောင်ရွက်ရန်၊ ဈေးရုံအဆောက်အဦမှာ အမိုးဧရိယာကြီးမားသဖြင့် အမိုးဒိုင်းမြားကို တောင့်တင်းခိုင်ခံ့မှုရှိစေရေး ဆောင်ရွက်ရန်နှင့် မိုးရေများစနစ်တကျစီးဆင်းနိုင်စေရေး ရေတံလျှောက်ကို ခိုင်ခံ့ကောင်းမွန်စွာတပ်ဆင်ရန် မှာကြားသည်။

အာဟာရသုခဈေးတွင် ယခုတည်ဆောက်နေသော ညောင်ပင်ကွင်းပုံကျဈေးနေရာ၌ Steel Structure ဈေးရုံ နှစ်ရုံသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလခန့်အတွင်း ဆောက်လုပ်ပြီးစီးမည်ဖြစ်ပြီး အဆောက်အဦဆောက်လုပ်ပြီးစီးပါက ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ အမိုးအကာလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်များချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုသယ်ပိုးထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့်လျော်ညီသော ချီးမြှင့်ငွေနှင့်စရိတ်များကို ဥပဒေနှင့်အညီ ချီးမြှင့်ပေးလျက်ရှိသည်။

အဆိုပါပုဂ္ဂိုလ်များသည် သက်တမ်းကာလ အပြည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက ဥပဒေအရရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ ထို့ကြောင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံရေးရာထူးရရှိခဲ့သူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ပြုနိုင်ရန် တင်ပြလျှောက်ထားလာမှုများအား သက်ဆိုင်ရာဌာနများနှင့် လွှတ်တော်ရုံးများက လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာမှုအပေါ် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် နိုင်ငံရေးရာထူးရရှိခဲ့သူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်(၉)ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ် ၅၀ ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၈၈ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၁၉၂ ဦး၊ စုစုပေါင်း ၄၉၁ ဦးအား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်များကို ခံစားခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ချီးမြှင့်ခဲ့သည့် နိုင်ငံရေးရာထူးရရှိခဲ့ကြသူများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ (၅)ဦး၊

(ခ) တအာင်း(ပလောင်)အမျိုးသားပါတီမှ(၆)ဦး၊

(ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ(၉၈)ဦး၊

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ(၂၁၇)ဦး၊

(င) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ(၄၃)ဦး၊

(စ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ(၃)ဦး၊

(ဆ) ရခိုင်အမျိုးသားပါတီမှ (၃၉)ဦး၊

(ဇ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ (၄)ဦးစီဖြင့် စုစုပေါင်း(၈)ဦး၊

(ဈ) မွန်အမျိုးသားပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့မှ(၂)ဦးစီဖြင့် စုစုပေါင်း (၄)ဦး၊

(ည) ဒီမိုကရေစီပါတီသစ်(ကချင်)၊ ကရင်ပြည်သူ့ပါတီ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဒီမိုကရက်တစ် ပါတီမြန်မာ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ “ဝ” ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ(၁)ဦးစီဖြင့် စုစုပေါင်း(၁၂)ဦး၊

(ဋ) နိုင်ငံရေးပါတီဝင်မဟုတ်သူ(၄၃)ဦး၊

(ဌ) တစ်သီးပုဂ္ဂလ(၁၃)ဦး။

၎င်းတို့အား တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ခဲ့ရာ ယနေ့ထိ ငွေကျပ်သန်းပေါင်း (၄၀၄၀) သန်းကျော် ခံစားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

**“၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။**



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်ကြိုင်၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ဂျူဒိုပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပြီး (အမျိုးသား)တတိယလုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက လေးပွဲ-သုံးပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီး အသင်းက လေးပွဲ-သုံးပွဲဖြင့် လည်းကောင်း၊ (အမျိုးသမီး)တတိယလုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက လေးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး အသင်းက ငါးပွဲ - တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ (အမျိုးသား) အသင်းလိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကချင်ပြည်နယ်အသင်းက ငါးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက ငါးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲများ အပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ(အမျိုးသား) အသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား(-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က လည်းကောင်း၊ အမျိုးသား (-၈၁) ကီလိုတန်း ပြိုင်ပွဲနှင့် အမျိုးသား (-၉၀) ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသား (+၉၀) ကီလိုတန်း ပြိုင်ပွဲနှင့် အမျိုးသမီး (-၆၃) ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လည်းကောင်း၊ အမျိုးသမီး(-၇၀) ကီလိုတန်းနှင့်(+၇၀)ကီလိုတန်း ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းလွင်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် (အမျိုးသား)အကောင်းဆုံးဆုနှင့် (အမျိုးသမီး) အကောင်းဆုံးဆုရရှိသည့် မောင်ဖြိုးသက်ဇော်(ကချင်)နှင့် မတင်ဇာမြင့်(ကချင်) တို့ကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ ရွှေလေးခု၊ ငွေငါးခုဖြင့် အမျိုးသားတံခွန်စိုက်ဆု ရရှိသည့် ကချင်ပြည်နယ်အသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကလည်းကောင်း၊ ရွှေခုနစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်ကလည်းကောင်း၊ ရွှေ ၁၁ ခု၊ ငွေခုနစ်ခု၊ ကြေးနှစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ရရှိသည့် ကချင်ပြည်နယ်အသင်းအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က လည်းကောင်း တံခွန်စိုက်ဆုများအား ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌက တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ထပ်မံဂုဏ်ပြု ချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်ကလေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၂၅ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၂ လက်မခွဲ၊ ကိုယ်အလေးချိန် ၂၀၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့၌ စားသုံးဆီ ပိဿာပေါင်း ၇၀၀ ကျော်ကို ဈေးနှုန်းသက်သာစွာရောင်းချပေး

**တောင်တွင်းကြီး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ကြက်သွန်စိုက်တောင်သူများနှင့် မိသားစုဝင်များ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း Six Winner Brothers Co.,Ltd ၏ ပံ့ပိုးမှုဖြင့် ဦးသန်းရွှေ(ခ)ဦးပြုံးနှင့် သမီးများ ကြက်သွန်ပွဲရုံက တစ်ဦးလျှင် ဆီတစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် ကျောင်းကုန်းကျေးရွာတွင် ယမန်နေ့နံနက်က ရောင်းချပေးခဲ့ကြောင်း သိရသည်။



**ရောင်းချပေး**

ထိုသို့ရောင်းချပေးသော မီးဖိုချောင်သုံးစားသုံးဆီများကို စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေး၏ ကြီးကြပ်မှုဖြင့် တစ်ဦးလျှင် ဆီတစ်ပိဿာ ၄၂၀၀ ကျပ်နှုန်းဖြင့် တောင်သူများအား ဆီပိဿာချိန်ပေါင်း ၇၇၀ အား ရောင်းချပေးသည်။

ထိုသို့ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ရောင်းချပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် ဆီပိဿာ ၇၇၀ အား စားသုံးသူများ လက်ဝယ်အရောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြောက်ပိုင်းခရိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

**၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးဖွင့်ပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပသည်။**




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အကဲဖြတ်ပညာရှင် ဦးသန်းထွန်းလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်းနောက် တေးသံရှင် ရွှေယမင်းဦးမှ သီရိရတနာတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို လည်းကောင်း၊ နိုင်ငံတော်ရွှေတံဆိပ် ၁၉ ဆုရှင် ရုပ်သေးပညာရှင် ဒေါ်မေသူဝင်းနှင့် နိုင်ငံတော်ရွှေတံဆိပ်ငါးဆုရှင် ဦးအောင်သန်းဝင်းတို့က ရုပ်သေးအကဖျော်ဖြေမှုကိုလည်းကောင်း၊ တေးရေး-မျိုးမင်းမြင့်မြင့်ရေးစပ်သီကုံးသော မြောက်ပိုင်းခရိုင်ကိုယ်စားပြုတေးသီချင်းအား မဟာရန်ကုန် ပြည်ချစ်မယ်ပေါက်ကျော်မနှင့်အဖွဲ့က မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် တီးခတ်သီဆိုဖျော်ဖြေမှုကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ပြိုင်ပွဲဝင်ဝါသနာရှင် ဒိုးပတ်အဖွဲ့မှ တီးခတ်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌတို့မှ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးအမျိုးအစား သုံးမျိုး၊ အကပြိုင်ပွဲတွင် ရုပ်သေးအက၊ လူအက၊ ကွက်စိပ် အကသုံးမျိုး၊ အရေးပြိုင်ပွဲတွင် တစ်မျိုးနှင့် အတီးပြိုင်ပွဲတွင် နှဲ၊ ပလွေ၊ ဂီတာ၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်၊ ပတ္တလား၊ မယ်ဒလင်၊ စန္ဒရား၊ အိုးစည်၊ ဒိုးပတ်၊ စောင်းအမျိုးအစားတို့ဖြင့် ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးကို သတ်မှတ်နေရာ သုံးနေရာတို့တွင် ယှဉ်ပြိုင်ကြသည်။

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် အဆိုပါမြို့နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဝါသနာရှင်ပထမတန်း၊ ဝါသနာရှင်ဒုတိယတန်းနှင့် ကဏ္ဍအလိုက် ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုနှင့် တံခွန်စိုက်ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများက ဆုများ အသီးသီးချီးမြှင့်ကြပြီး ဆုရရှိသူများဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြို့နယ်ကိုးမြို့နယ်တွင် ဆုအများဆုံးရရှိခဲ့သော အင်းစိန်မြို့နယ်အား တံခွန်စိုက်ဆုကို ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၁၆** ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန် အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မုဒုံမြို့တွင် ၉ ဒသမ ၂၁ လက်မ၊ လောင်းလုံးမြို့တွင် ၉ ဒသမ ၀၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၈ ဒသမ ၉၄ လက်မ၊ မော်လမြိုင်မြို့တွင် ၈ ဒသမ ၅၁ လက်မ၊ ကျိုက်မရောမြို့တွင် ၇ ဒသမ ၈၇ လက်မ၊ ချောင်းဆုံမြို့တွင် ၇ ဒသမ ၄၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၅ ဒသမ ၉၈ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ပိုင်ကျုံမြို့နှင့် ကျိုက်ဒုံမြို့တို့တွင် ၄ ဒသမ ၀၀ လက်မစီ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၇၄ လက်မနှင့် ပျဉ်းမနား(ဝဲကြီး) တွင် ၂ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**




၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# အာဆီယံပဋိညာဉ်ရေးဆွဲစဉ်က

တက္ကသိုလ် မြတ်သူ

**၂၀၀၇ ခုနှစ် မတ်လ အာဆီယံအသင်းကြီးအတွက် အသင်းဝင်နိုင်ငံတိုင်းက လက်မှတ်ရေးထိုးပြီး လိုက်နာရန် ဝန်ခံကတိပြုရသည့် ပဋိညာဉ်စာချုပ်ကြီးကို ရေးဆွဲနေပေသည်။ အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေရေးဆွဲရေးကျွမ်းကျင်သောပုဂ္ဂိုလ်များကို ဝန်ကြီးအဆင့်၊ ပါမောက္ခအဆင့်ရှိပညာရှင်ပုဂ္ဂိုလ်များက ဦးဆောင်ရေးဆွဲ ခရီးပေါက်မြောက်နေပေသည်။ မြန်မာနိုင်ငံမှ ဝန်ကြီးအဆင့်ရှိ စီးပွားရေးပညာရှင် ဒေါက်တာ သန်းညွန့် ခေါင်းဆောင်သောအဖွဲ့ကလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေပေသည်။**

**အမြင်သဘောထားဆန္ဒယူ**

ထိုစဉ်က အာဆီယံပဋိညာဉ်ရေးဆွဲရေးအဖွဲ့ခေါင်းဆောင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)ကလည်း မိမိတို့ရေးဆွဲနေသော အာဆီယံပဋိညာဉ်ကို ဝန်ကြီးအဆင့်၊ ဥပဒေရေးဆွဲရေးကျွမ်းကျင်သောပညာရှင်များက ရေးဆွဲနေပေပြီ။ သို့သော် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းမှ ပြည်သူတို့၏သဘောထားဆန္ဒ၊ လူမှုရေးအမြင်၊ အမျိုးသားယဉ်ကျေးမှုရှုထောင့်၊ လူမျိုးစရိုက် လက္ခဏာအမြင်တို့လည်း ဤပဋိညာဉ်ရေးဆွဲရာ၌ ပါဝင်သင့်သည်။ ထို့ကြောင့် အာဆီယံဝင်နိုင်ငံများမှ လူမှုရေးအမြင်များ ထင်ဟပ်တင်ပြနိုင်သော လူမှုရေးကိုယ်စားလှယ်များ ဖိတ်ခေါ်မေးမြန်းမည်။ အမြင်သဘောထားဆန္ဒယူမည်ဟုပြောကာ ဖိတ်ကြားခဲ့သည်။

ထိုဖိတ်ကြားချက်အရ မြန်မာလူမှုရေးကိုယ်စားလှယ်အဖွဲ့ကို စိစစ်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမြင့်(နောင်သံအမတ်ကြီး)က အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

(၁) ဦးလှမြင့် – နိုင်ငံခြားရေးရုံး (အဖွဲ့ခေါင်းဆောင်)

(၂) ဦးမြတ်သူ – စာရေးဆရာ၊ သတင်းစာဆရာ

(၃) ဒေါက်တာ ဒေါ်သက်သက်ဇင်– အမျိုးသမီးရေးရာအဖွဲ့ ခေါင်းဆောင်

(၄) ဦးထွန်းအောင်– UMFCCI ခေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုယ်စားလှယ်

(၅) ဒေါက်တာမြင့်ဆွေ– သမိုင်းပါမောက္ခ၊ ဒဂုံတက္ကသိုလ်

(၆) ဒေါက်တာဝါဝါမောင်–(ယခု ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)တို့ ဖြစ်ကြသည်။

**အဖွဲ့လိုက်အကြံပြု**

မြန်မာလူမှုရေးအကြံပေးအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ၂၀၀၇ ခုနှစ် မတ်လတွင် သွားရောက်ခဲ့သည်။ မနီလာရောက်ပြီး နောက်တစ်နေ့မှာပင် လူမှုရေးကိုယ်စားလှယ်များ၏ စုံညီအစည်းအဝေးကျင်းပခဲ့သည်။ မြန်မာကိုယ်စားလှယ်များအပါအဝင် အာဆီယံဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ ကဏ္ဍသုံးရပ်ခွဲ၊ လူခွဲပြီး ဆွေးနွေးကြရသည်။ အဖွဲ့လိုက်အကြံပြုစာတမ်းရေးကြရသည်။

ထိုစဉ်က ဦးလှမြင့်၊ ဒေါက်တာမြင့်ဆွေတို့က နိုင်ငံရေးကဏ္ဍ၊ ဦးထွန်းအောင်နှင့် ဒေါက်တာဝါဝါမောင် တို့က စီးပွားရေးကဏ္ဍ၊ ကျွန်တော် (တက္ကသိုလ်မြတ်သူ)နှင့် ဒေါက်တာ ဒေါ်သက်သက်ဇင်တို့က ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆွေးနွေးခဲ့ရသည်။

၂၀၀၇ ခုနှစ်ကာလသည် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီလူ့အခွင့်အရေးဟူသော စကားလုံးနှစ်လုံးကို ရေလဲနှင့်သုံးပြီး နိုင်ငံများစွာ၏ ပြည်တွင်းရေးကို နယ်ချဲ့လက်ဟောင်းလက်သစ်နိုင်ငံများက ဝင်ရောက်စွက်ဖက်နေချိန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ကမ္ဘာ့နိုင်ငံများက စုဝေးဖွဲ့စည်းခဲ့သည်။ ဖွဲ့စက အဖွဲ့ဝင်နိုင်ငံ ၅၁ နိုင်ငံ၊ ယခုအခါအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိနေပေပြီ။ အဖွဲ့ဝင်နိုင်ငံတိုင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကိုပါ သက်ဝင်လက်ခံကြရသည်။ **အထူးရေးဆွဲထားသော ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးပါ ပြဋ္ဌာန်းချက်အားလုံးကိုလည်း လက်ခံလိုက်နာပါမည်ဟု ပဋိညာဉ်(ကတိပြု) လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်တိုင်း လိုက်နာရမည့် ပဋိညာဉ်သည် နိုင်ငံတကာစာချုပ်ကြီးပင်ဖြစ်သည်။ ယင်းပဋိညာဉ် အပိုဒ်(၂)တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည်ပင်လျှင် အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းစီရင်ပိုင်ခွင့်ကျရောက်သော အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်မပြု။ အဖွဲ့ဝင်နိုင်ငံအားလုံးတွင်ပင်လျှင် သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရဟု ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအားလုံး ကြီးကြီးငယ်ငယ် အားလုံး တန်းတူ မဲပေးစရာရှိလျှင် တစ်နိုင်ငံတစ်မဲသာပေးရမည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများက လေးစားရမည်။ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်မစွက်ရ၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို ကျူးကျော်တိုက်ခိုက်ခြင်း မပြုရဟုလည်း ကုလသမဂ္ဂရည်ရွယ်ချက် အခြေခံမှုများနှင့် ပဋိညာဉ်စာချုပ်ကြီးတွင် အတိအလင်းဖော်ပြ ပြဋ္ဌာန်းထားခဲ့သည်။**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒုတိယကမ္ဘာစစ်ပွဲအတွင်း ကမ္ဘာ့လူသားသန်း ၇၀ သေဆုံးကာ နိုင်ငံတိုင်းလိုလိုမှာပင် စစ်မြေပြင်စစ်တလင်းဖြစ်ကာ နိုင်ငံ မြို့ရွာများ ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် တတိယကမ္ဘာစစ်ဖြစ်မလာအောင် ကမ္ဘာ့နိုင်ငံအားလုံးက ဝိုင်းဝန်းတားဆီးရေး၊ ကမ္ဘာကြီးစစ်မက်ကင်းဝေးစွာ ငြိမ်းချမ်းသာယာရေး၊ နိုင်ငံအားလုံး၊ လူသားအားလုံးလွတ်လပ်ရေး၊ နိုင်ငံများအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်ဝါဒနှင့် ဖက်ဆစ်ဝါဒီများ ပြန်လည်ခေါင်းထောင်မလာရေးကိုလည်း နိုင်ငံအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရန် ရည်ရွယ်ခဲ့သည်။ နိုင်ငံများကို အင်အားသုံး ကျူးကျော်သိမ်းပိုက်ကျွန်ပြုသွေးစုပ်သော နယ်ချဲ့စနစ်ကိုလည်း ကုလသမဂ္ဂအဖွဲ့ဝင် ဆန္ဒမဲအများစု၏ မဲပေးဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း( Universal Human Right Declaration) ကို ရေးဆွဲပြဋ္ဌာန်းကာ အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ကတိပြုခံဝန်လက်မှတ် ရေးထိုးစေခဲ့သည်။ ထိုစဉ်က နှစ်စဉ် ကုလသမဂ္ဂတွင် ကျင်းပသော လူ့အခွင့်အရေးညီလာခံ ကျင်းပခဲ့ရာတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစု(အထူးသဖြင့် နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးပြန်လည်တိုက်ယူခဲ့သည့် အာရှ၊ အာဖရိကနိုင်ငံများ)က အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်အပါအဝင် ဥရောပအရင်းရှင်(နယ်ချဲ့)နိုင်ငံကြီးများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အချက်အလက်အထောက်အထားများဖြင့် တင်ပြဝေဖန်ခဲ့သည်။ ထိုအခါ ပြစ်တင်ဝေဖန်ခံ အရင်းရှင်အင်အားကြီးနိုင်ငံများက လူ့အခွင့်အရေးဆိုသော အသံကိုပင် မကြားချင်ခဲ့ကြပေ။ နောက်ပိုင်း ထိုအင်အားကြီး(နယ်ချဲ့)နိုင်ငံတို့သည် ကောက်ကျစ်ပါးနပ်စွာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို အပိုင်စီးခြယ်လှယ်လာကြသည်။ သူခိုးက လူ…လူ ဟုဟစ်သော စကားပုံကဲ့သို့ ထိုနိုင်ငံကြီးများက နည်းမျိုးစုံဖြင့် အဖွဲ့ဝင်နိုင်ငံ မဲအများစုအရယူကာ သူတို့သြဇာမခံသောနိုင်ငံများ၊ သူတို့မလိုလားသော နိုင်ငံများကို လူ့အခွင့်အရေးချိုးဖောက်သည်ဟု လုပ်ကြံစွပ်စွဲလာတော့သည်။

**စာရင်းဇယားများဖြင့် ပြန်လည်စွပ်စွဲ**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများတွင် နိုင်ငံရေးကျွမ်းကျင်သူအဖြစ် ကျော်ကြားခဲ့သော ဟင်နရီကစ်ဆင်းဂျားက ကမ္ဘာ့နိုင်ငံများသို့သွားရောက်ဖွင့်လှစ်သော အမေရိကန်သံရုံးများမှ သံအမတ်များ၊ သံတမန်အရေခြုံ စီအိုင်အေထောက်လှမ်းရေးသမားများထံသို့ ညွှန်ကြားချက်ထုတ်ကာ မိမိတို့ရောက်ရာနိုင်ငံမှ အစိုးရများ လူ့အခွင့်အရေးချိုးဖောက်နေကြောင်း အစီရင်ခံစာများ ရေးပို့ရမည်။ (အမှန်တကယ် မချိုးဖောက်သည့်တိုင် ချိုးဖောက်သည်ဟု မဖြစ်မနေ အစီရင်ခံရမည်ဟူသောသဘောဖြင့် အမိန့်ပေးညွှန်ကြားခဲ့သည်။) ထိုအချိန်မှစ၍ အမေရိကန်မလိုလားသောနိုင်ငံတို့ လူ့အခွင့်အရေး ချိုးဖောက်သည်ဟူ၍ အမေရိကန်နှင့် အပေါင်းအပါများက မြှန်ရေယုက်ရေစွပ်စွဲပုတ်ခတ်သော အစီရင်ခံစာများ နှစ်စဉ်ထုတ်ပြန်တော့သည်။

ထိုအုပ်စုကပင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ နှစ်ပတ်လည်အစည်းအဝေးများကပါ အလားတူ စွပ်စွဲပုတ်ခတ်ထိုးနှက်လာသည်။ စွပ်စွဲခံနိုင်ငံများကလည်း ဆတ်ဆတ်ထိမခံ ခုခံချေပကြသည်။ ထိုစွပ်စွဲချက်များကို လက်မခံပယ်ချကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကဆိုလျှင် အမေရိကန်နှင့် အပေါင်းအပါ (အနောက်အုပ်စု)၏ လူ့အခွင့်အရေး စွပ်စွဲချက်များကို ဆတ်ဆတ်ထိမခံ ပယ်ချသည့်အပြင် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ အထောက်အထား အချက်အလက် စာရင်းဇယားခေတ်ပုံများဖြင့် ပြန်လည်စွပ်စွဲ ထိုးနှက်ကြေညာထုတ်ပြန်လေ့ရှိသည်။

ယနေ့ ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ကြီး၏ အသုံးစရိတ်ဝန်ထမ်းကြီးငယ် (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လစာအပါအဝင်) လစာများ အသုံးစရိတ်၊ ခရီးစရိတ်များ ထောက်ပံ့မှုအများဆုံး အမေရိကန်နှင့် ရေနံဝင်ငွေကောင်းရနေသည့်နိုင်ငံများ ကြီးစိုးသည့် OIC ခေါ် အစ္စလာမ္မစ်ဘာသာ ကိုးကွယ်သောနိုင်ငံ (၅၇ နိုင်ငံ) ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တို့၏ မျက်နှာကိုထောက်၍ ထိုအုပ်စုနှစ်ခု ဆန္ဒနှင့်အညီ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို ချိုးဖောက်၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အခြေခံမူအစစ်များကို မျက်ကွယ်ပြုပြီး ထိုကုလသမဂ္ဂအဖွဲ့ကြီး၏ ပစ္စည်းလေးပါးဒါယကာ အုပ်စုနှစ်ခုဘက်မှ တစ်ဖက်သတ် ဘက်လိုက်ပြောဆို ဆုံးဖြတ်လာကာ ဆောင်ရွက်ပေးနေရသည်ကို ကမ္ဘာက စိတ်မချမ်းသာစွာ တွေ့နေရပေသည်။

အထက်တွင် တင်ပြခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်တို့ကို ငါးဖယ်ကလည်း ပြောင်းပြန်ဆိုသကဲ့သို့ ဇောက်ထိုးပြောင်းပြန်လုပ်ပြီး ကမ္ဘာ့နိုင်ငံများကို ထိုးနှက်နှောင့်ယှက်နေကြသည့် လူ့အခွင့်အရေးအမည်ခံ မလိုတမာ စွပ်စွဲပုတ်ခတ်ထိုးနှက်နေမှုများကြောင့် မနီလာသို့ အာဆီယံပဋိညာဉ်ရေးဆွဲရေး၌ လူမှုရေးအရ အကြံပြုရမည့်ခရီးစဉ်တွင် ကျွန်တော်သည် လူ့အခွင့်အရေးနှင့် ပတ်သက်သော စာအုပ်များ၊ စာရွက်စာတမ်းများ၊ သတင်းစာဖြတ်ပိုင်းများ တစ်ထမ်းတစ်ပိုးသယ်သွားခဲ့သည်။ မနီလာအကြံပေးအစည်းအဝေးတွင် လူ့အခွင့်အရေးအကြောင်း ပြောရဆိုရပါက အထောက်အထားများပြ၍ တင်ပြတော့မည်ဟု အားခဲခဲ့ပါသည်။

**အငြင်းပွားဝိဝါဒ**

မနီလာအကြံပြုရေး စုံညီအစည်းအဝေးဖွင့်လှစ်ရာ၌ ပြောကြားသော အာဆီယံပဋိညာဉ်စာချုပ် ရေးဆွဲရေးအဖွဲ့ဥက္ကဋ္ဌ က “ရှင်တို့ အာဆီယံပဋိညာဉ်မှာ ပါသင့်ပါထိုက်တဲ့ လူမှုရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်က ရှင်တို့ပြည်သူများ ဆန္ဒနဲ့အညီ တင်ပြကြပါ။ ခုတလောလူပြောများပြီး ဟိုဘက်သည်ဘက် အငြင်းပွားဝိဝါဒ ကွဲပြားနေတဲ့ လူ့အခွင့်အရေးအကြောင်းတော့ ပြောစရာမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုကျွန်မတို့ ရေးဆွဲအတည်ပြုတော့မယ့် အာဆီယံပဋိညာဉ်မှာ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ လုံးဝထည့်မထားပါဘူး။ ဒါကြောင့် ကျန်တာဆွေးနွေးကြပါ” ဟု ပြောကြား၍ ကျွန်တော်

*စာမျက်နှာ ၁၁ သို့*

- **ကုလသမဂ္ဂအဖွဲ့ကြီး၏အဖွဲ့ဝင်တိုင်း လိုက်နာရမည့်ပဋိညာဉ်သည် နိုင်ငံတကာစာချုပ်ကြီးပင် ဖြစ်သည်။ ယင်းပဋိညာဉ် အပိုဒ်(၂)တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည်ပင်လျှင် အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းစီရင်ပိုင်ခွင့်ကျရောက်သော အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်မပြု။ အဖွဲ့ဝင်နိုင်ငံအားလုံးတွင်ပင်လျှင် သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရဟု ပြဋ္ဌာန်းထား**
- **ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအားလုံး ကြီးကြီးငယ်ငယ် အားလုံးတန်းတူ မဲပေးစရာရှိလျှင် တစ်နိုင်ငံတစ်မဲသာပေးရမည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံများက လေးစားရမည်။ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်မစွက်ရ၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုရဟုလည်း ကုလသမဂ္ဂရည်ရွယ်ချက် အခြေခံမူများနှင့် ပဋိညာဉ်စာချုပ်ကြီးတွင် အတိအလင်းဖော်ပြ ပြဋ္ဌာန်းထား**

# ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခြောက်လတာလုပ်ငန်းဆောင်ရွက်မှုအပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာနှင့် Cash for work ကျေးရွာတို့အတွက် စီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲကျင်းပ



ပုသိမ် ဩဂုတ် ၁၆

**ရေဝတီတိုင်းဒေသကြီးအစိုးရဖွဲ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ ဇူလိုင်အထိ ခြောက်လတာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကျေးရွာနှင့် Cash for work ကျေးရွာတို့အတွက် စီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်သည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ အနေဖြင့် ကိန်းဂဏန်းစာရင်းဇယားအချက်အလက်များ မှန်ကန်တိကျမှုရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှသာ တွက်ချက်သည့် အချက်အလက်များသည်လည်း မှန်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး၊ စက်မှုဇုန်များ ထူထောင်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး စီးပွားရေးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆွေးနွေးစေလိုကြောင်း၊ တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှ ပြည်ပဝင်ငွေရရှိစေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ စီးပွားရေးရာဝန်ကြီးဌာနအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အဆင့်မြင့်စက္ကူ (သာပေါင်း)၊ သတင်းစာစက္ကူ (သာပေါင်း)၊ မှန်စက်ရုံ(ပုသိမ်)၊ အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)၊ စားသုံးသူရေးရာဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် သယံဇာတရေးရာဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လအထိ ခြောက်လတာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) နှင့် Cash for work ကျေးရွာတို့အတွက် စီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။

**ရန်ပုံငွေများ လွှဲပြောင်းပေးအပ်**

ထို့နောက် ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်နှင့်လပွတ္တာခရိုင်တို့မှ မြစိမ်းရောင်၊ VDP ၊ Cash For Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်ကျေးရွာများအတွက် ရန်ပုံငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများထံ အသီးသီးပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)နှင့် Cash for work စီမံကိန်းကျေးရွာများအတွက် ကျေးရွာစုစုပေါင်း ၅၀၅ ရွာကို စီမံကိန်းရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၅၂၂၀ အား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စားသုံးသူပြည်သူများအတွက် ရောင်းချသည့် ဆန်အိတ်ပေါင်း ၄၈၆၄ အိတ် အထိရှိ



ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ကာ စားသုံးသူပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဩဂုတ်၂ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ဆန်အိတ်ပေါင်း ၄၈၆၄ အိတ် အထိရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ရောင်းချပေးတဲ့ ဆန်တွေက အရည်အသွေး ကောင်းမွန်တဲ့ ဆန်တွေဖြစ်လို့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်စွာနဲ့ စားသုံးသူတွေအတွက် လွတ်လပ်စွာ ရောင်းချပေးနေကာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

“ရွှေဘိုပေါ်ဆန်းရဲ့ ၂၀၂၂ ခုနှစ်အတွက် စပါးစိုက်ပျိုးကေဆိုရင် ၃၅၄၇၈၅ ကေ စိုက်ပါတယ်။ ရွှေသွယ်ရော ၅၈၇၇၇ ကေ၊ မနောရော ၂၆၈၀၅ကေ၊ အိုင်အာ ၁၉၆၉၉ ကေ၊ မနောသုခ ၂၅၃၇ ကေ၊ ဆင်တု ၁၈၇ ကေ စုစုပေါင်း ၆၇၀၁၃၃ ကေ စိုက်ပျိုးထားပါတယ်။၂၀၂၃ ခုနှစ်အတွက် အားလုံး စိုက်ပျိုးပြီးသလောက်ဖြစ်ပြီး ဇူလိုင်တတိယပတ်မှာ အကုန်ပြီးမယ်၊ အောက်တိုဘာမှာ သန္ဓေတည်မယ်။ နိုဝင်ဘာမှာ ပန်းပွင့်မယ် ပြီးတော့ဒီဇင်ဘာမှာ ရိတ်သိမ်းမှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

“ကျွန်မ တစ်အိမ်ထောင်ကို ဆန်တစ်အိတ်ရောင်းတယ်ဆိုလို့ လာဝယ်တာပါ။ အပြင်ဆန်ဈေးထက်စာရင် သက်သာတာပေါ့။ ဒီလို အိတ်လိုက်ရောင်းတော့ ဝယ်နိုင်တဲ့သူတွေက ပိုကောင်းတာပေါ့။ အိတ်လိုက်မဝယ်နိုင်တဲ့သူတွေကတော့ အပြင်မှာလက်လီဝယ်စားတဲ့ ဆန်ဆိုင်တွေနဲ့ ဈေးကွာတာပေါ့”ဟု ဗဟန်းမြို့နယ်မှ ဒေါ်အေးက ပြောသည်။ အဆိုပါ ဆန်ရောင်းချပေးရာတွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၇၇၀၀၀၊ ရေဝတီပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ကြေးပုံဆန် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ ရောင်းချပေးပြီး တနင်္ဂနွေနေ့တိုင်း ပိတ်ကြောင်း သိရသည်။

**အာကာလင်း**

*စာမျက်နှာ ၁၀ မှ*

သယ်သွားသော လူ့အခွင့်အရေးအကြောင်း စာအုပ်စာတမ်းများကို မနီလာရှိ မြန်မာသံရုံးသို့ ပေးလှူခဲ့ပါသည်။ ကျွန်တော်ဆွေးနွေးရမည့် အလှည့်တွင် အောက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

“အာဆီယံအသင်းဟာ အခုဆိုရင် တားဆီးနှောင့်ယှက်ဟန့်တားနေကြတဲ့ကြားထဲကပဲ အရှေ့တောင်အာရှဒေသတွင်း ၁၀ နိုင်ငံလုံး ပါဝင်တဲ့အတွက် တင်းပြည့်အဖွဲ့ကြီးဖြစ်လာပါပြီ။ ဒီအဖွဲ့ကြီးထဲမှာ လူမျိုးရေးကွဲပြားမှု၊ အသားအရောင် ဘာသာစကား ကိုးကွယ်ရာယဉ်ကျေးမှုမတူ ကွဲပြားတဲ့နိုင်ငံတွေ ပါဝင်နေပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံ ၁၀ နိုင်ငံလုံးဟာ အရှေ့တောင်အာရှဒေသမှာ ရှေးပဝေသဏီကတည်းက ရှိနေတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးမှာ ဘာတွေမတူတူ ဘာတွေကွဲပြားကွဲပြား အရှေ့တောင်အာရှသားတွေအဖြစ် တူညီစွာ ဖြစ်တည်နေပါတယ်။ ဒါကြောင့် ဒေသတွင်း လူဦးရေသန်း ၅၀၀ ကျော်ကိုယ်စားပြုပြီး ဒေသကြီးငြိမ်းချမ်းသာယာဝပြောရေး လက်တွဲလုပ်ကိုင်ကြဖို့ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ဟာ ဒီအာရှဒေသမှာ ဖြစ်ထွန်းနေပါပြီ။ အကောင်းဆုံးနိုင်ငံရေး ငါးပါးသီလ လူမှုရေးပဉ္စသီလပါပဲ”

**အာဆီယံပဋိညာဉ်စာချုပ်ကိုပင် ဆန့်ကျင်ချိုးဖောက်နေ**

မြန်မာကိုယ်စားလှယ်များသည် မိမိတို့တာဝန်ကျရာကဏ္ဍများတွင် တက်ကြွစွာပါဝင်ကြပြီး အာဆီယံစည်းလုံးရေး၊ ညီညွတ်ရေး အာဆီယံအောင်မြင်ရေးကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။ ထိုစဉ်ကတည်းက အနောက်အုပ်စု အထူးသဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံကို ချုပ်ကိုင်လွှမ်းမိုးဩဇာပေးရန် ကြိုးပမ်းခဲ့ကြပါသည်။ ထိုစဉ်က ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ကလည်း အာဆီယံ၏တည့်မတ်သော လမ်းကြောင်းပေါ်သို့သာ လျှောက်လှမ်းခဲ့ပါသည်။ မလေးရှားမှ ဝန်ကြီးချုပ် ဒေါက်တာမဟာသီယာမိုဟာမက်သည် အမေရိကန်တို့ ကြားဝင်စွက်ဖက်မှုများကို ပြတ်ပြတ်သားသား လက်တုံ့ပြန်ခဲ့ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်လင်း အော့ဘ်ရိုက်က ဒေါက်တာမဟာသီယာအား “ ရှင်ပါးစပ်ပိတ်ထား”ဟုပင် အော်ဟစ်ရုက်ရမ်းရမ်းခဲ့ရပါသည်။ ယခုအခါမှာတော့ သိသည့်အတိုင်း အာဆီယံကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အခါခါလာရောက်ဩဇာပေးနေပေသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများစွာကလည်း OIC မျက်နှာကြည့်ရ၊ အနောက်အုပ်စုမျက်နှာကြည့်ရနှင့် အာဆီယံပဋိညာဉ်စာချုပ်ကိုပင် ဆန့်ကျင်ချိုးဖောက်နေသည်ကို စိတ်မကောင်းစွာ မြင်ရကြားသိနေရသည်။ သက်တမ်း ၃၅ နှစ်ပြည့် အာဆီယံကြီး ကျန်းမာပါစေ၊ လမ်းသာပါစေ၊ လမ်းဖြောင့်ပါစေ၊ တိုးတက်ပါစေ။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၄၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၀ | ၂၃၉၅ | ၂၃၇၅ | ၂၄၇၀ | ၂၄၈၅ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၅ | ၂၄၂၅ | ၂၄၃၀ | ၂၆၄၅ | ၂၉၃၀ |
| 95 Ron | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၇၀ | ၂၄၅၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၇၃၅ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၅ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၂၀ | ၃၀၃၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၁၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၁၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၃၆ | ၂၃၁၄ |
| 95 Ron | ၂၃၀၈ | ၂၃၈၈ |
| HSD (500 ppm) | ၂၆၁၄ | ၂၆၉၆ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဈေးရပ်ကွက်နေ ထွန်းဝင်းသည် ၎င်းအသုံးပြုသည့် "Htun Win" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃) ရပ်ကွက်နေ စိုးသူရ (၂၇)နှစ် (ဘ)ဦးကျော်ဝင်းသည် ၎င်းအသုံးပြုသည့် "Soe Thuya" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မူဆယ်(၁၀၅)မိုင် ခုတင် ၁၀၀၀ ကိုဗစ်ကုသရေးစင်တာသို့ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့လာရောက်လေ့လာ

**မူဆယ် ဩဂုတ် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Zhaung Maio Yin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၆ ဦးတို့သည် မူဆယ်(၁၀၅)မိုင်တွင် ဖွင့်လှစ်ထားသော ခုတင်(၁၀၀၀) ကိုဗစ်ကုသရေးစင်တာသို့ ဩဂုတ် ၁၅ ရက်က လာရောက်လေ့လာကြရာ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ ခရိုင်စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက ကြိုဆိုခဲ့ကြသည်။

အဆိုပါအဖွဲ့အား မူဆယ်ကျန်းမာရေးဌာနမှ ကိုဗစ်- ၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးခဲ့ပြီးနောက် တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်ရောဂါနှင့် ပတ်သက်သည့် ဓာတ်ခွဲနမူနာစစ်ဆေးသည့် ဓာတ်ခွဲခန်းကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ယနေ့နံနက်တွင် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီး ဟန်ဝင်းဇော်၊ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဗိုလ်မှူးမင်းဇော်နှင့် အဖွဲ့ဝင်များက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်း ဖွင့်လှစ်ထားသည့် ခုတင်(၁၀၀၀) ကိုဗစ်ကုသရေးစင်တာသို့ သွားရောက်ပြီး ဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် နှစ်နိုင်ငံကုန်သွယ်စီးဆင်းရေး ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာအောင်ရဲကျော်နှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

### ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိသည့် ကော့ကရိတ်မြို့နယ်အတွင်း KKO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သတင်းတွင် KKO အဖွဲ့အား KKO ခွဲထွက်အဖွဲ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်းအဖွဲ့)

# ယခုနှစ်တွင် ဖီဂျီနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းထက်မနည်း လာရောက်လည်ပတ်ရန် မျှော်လင့်

**ဆူဗာ ဩဂုတ် ၁၆**

ဖီဂျီနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၅၀၀၀၀၀ ထက်မနည်း လာရောက်လည်ပတ်ရန် မျှော်လင့်ထားကြောင်း ဖီဂျီတာဝန်ရှိသူက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ဖီဂျီနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားအရေအတွက်သည် ၂၀၁၉ ခုနှစ် အလားတူကာလက လည်ပတ်သော အရေအတွက်ထက် ထက်ဝက်ခန့် ရှိလာပြီဖြစ်ကြောင်း ဖီဂျီ နိုင်ငံ ၏ ခရီးသွားလာရေးဆိုင်ရာ အမြဲတမ်းအတွင်းဝန် ရှာဟင်းက ပြောသည်။ ထို့အပြင် ဇွန်လတွင် ခရီးသွားဝင်ရောက်မှုသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ အလားတူလ၏ ၇၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် နှစ်ကုန်တွင် ခရီးသွားအနည်းဆုံး ၅၀၀၀၀၀ ခန့် လာရောက်လည်ပတ်ရန် မျှော်လင့်ထားကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာနှုန်းပြည့် လာရောက်လည်ပတ်ရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။

လူဦးရေ ၉၀၀၀၀၀ ခန့်ရှိသော ဖီဂျီနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက တစ်နှစ်လျှင် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၈၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဆင်ဟွာ




# အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ် ဇူလိုင်လတွင် မော်တော်ကားရောင်းချရမှု မြင့်တက်လာ

**ဂျကာတာ ဩဂုတ် ၁၆**



အင်ဒိုနီးရှားနိုင်ငံသည် ဇူလိုင်လတွင် မော်တော်ကား လက်ကားရောင်းချရမှု စုစုပေါင်း ၈၆၂၅၆ စီးရှိပြီး ဇွန်လက ကားရောင်းချမှုထက် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း အင်ဒိုနီးရှားမော်တော်ကားလုပ်ငန်း အသင်းအဖွဲ့က ဩဂုတ် ၁၅ ရက်တွင် ပြောသည်။

ဇန်နဝါရီလမှ ဇူလိုင်လကြား ကား လက်ကားရောင်းချရမှုသည် ၅၆၁၂၈၇ စီးအထိရှိပြီး ယခင်နှစ်က အလားတူကာလက ကားလက်ကားရောင်းချရမှု ၄၅၁၈၈၇ စီးသာရှိသည့်အတွက် ယခုနှစ်တွင် မြင့်တက်လာကြောင်း သိရသည်။ နှစ်စဉ် ဇူလိုင်လ ကားလက်ကားရောင်းချရမှုကို ကြည့်လျှင် ယခင်နှစ်က ဇူလိုင်လတွင် ၆၆၆၃၉ စီးသာရှိခဲ့ရာမှ ယခုနှစ် ဇူလိုင်လတွင် စုစုပေါင်း ၈၆၂၅၆ စီးရှိလာသည့်အတွက် ယခင်နှစ်ကထက် မြင့်တက်လာခြင်း ဖြစ်သည်။

အဆိုပါအဖွဲ့၏ ထုတ်ပြန်သော အချက်အလက်အရ ပြီးခဲ့သည့် ခုနစ်လအတွင်း တိုယိုတာ ကားရောင်းချရမှုသည် ၁၇၈၇၈၇ စီးအထိ ရှိသည့်အတွက် ကားဈေးကွက်ကို ဦးဆောင်လျက်ရှိပြီး ၎င်းနောက်တွင် ဒိုင်ဟတ်ဆုကားရောင်းချရမှုက ၁၀၆၂၇၈ စီး၊ ဟွန်ဒါကား ရောင်းချရမှုက ၇၂၀၈၄ စီးနှင့် မစ်ဆူဘစ်ရှိကားရောင်းချရမှုက ၅၉၃၁၉ စီး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ အပူချိန်မြင့်မားမှုသတိပေးချက် အနီရောင်အဆင့် ဆက်လက်ထုတ်ပြန်

**ပေကျင်း ဩဂုတ် ၁၆**

တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် ပြင်းထန်သော အပူလှိုင်းဖြတ်မှု ရှိနေသေးသည့်အတွက် ဩဂုတ် ၁၆ ရက် နှောင်းပိုင်းတွင် တရုတ်အမျိုးသား မိုးလေဝသစောင့်ကြည့်ရေးဌာနက အပူချိန်မြင့်မားမှု သတိပေးချက် အနီရောင်အဆင့်ကို ဆက်လက်ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ အပူချိန်သတိပေးချက် အနီရောင်အဆင့်သည် တရုတ်နိုင်ငံ၌ မိုးလေဝသ သတိပေးချက်စနစ်အတွက် အရောင်ဖြင့်ခွဲခြား သတ်မှတ်သည့် အဆင့်လေးဆင့်ရှိသည့်အနက် အပြင်းထန်ဆုံးသတိပေးချက် အဆင့် ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၆ ရက်နေ့အပူချိန်များသည် ရှီအန်းရှီ၊ အန်ဟွေး၊ ဟူဘေး၊ ဟူနန်၊ ကျန်းရှီး၊ ရှီကျန်း၊ ရှန်ဟိုင်း၊ ဖူကျန်း၊ စီချွမ်း၊ ချုံကင်း၊ ကွေကျိုး၊ ကွမ်ရှီးနှင့် ကွမ်တုံ စသည့်ဒေသများတွင် အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်မှ ၃၉ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ထို့အပြင် စီချွမ်း၊ ချုံကင်း၊ ဟူနန်၊ ကျန်းရှီးနှင့် ဇီကျန်း စသည့် ဒေသများရှိ နေရာအများအပြားတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ကို ကျော်လွန်ဖွယ်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ပေါ်တူဂီနိုင်ငံ၌ လေးနှစ်အတွင်း အကြီးမားဆုံး မီးလောင်မှုဖြစ်ပွား

**လစ္စဘွန်း ဩဂုတ် ၁၆**

ပေါ်တူဂီနိုင်ငံ၏ အကြီးမားဆုံး ကြိုးဝိုင်းဧရိယာဖြစ်သည့် Serra da Estrela တွင် မီးလောင်မှုဖြစ်ပွားခြင်းသည် ၂၀၁၈ ခုနှစ် နောက်ပိုင်း အကြီးမားဆုံး မီးလောင်မှုဖြစ်ကြောင်း ပေါ်တူဂီ သဘာဝနှင့် သစ်တောများ ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့က ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

၁၀ ရက်ကြာ မီးလောင်မှုဖြစ်ပွားပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိကာ ဟက်တာ ၁၆၀၀၀ ကျော် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးငြိမ်းရန်အတွက် မီးသတ်သမား ၁၇၀၀ နီးပါးကို ယာဉ်အစီးရေ ၅၀၀ ကျော်နှင့် လေယာဉ် ၁၇ စင်း ပံ့ပိုးပေးခဲ့ရကြောင်း ပေါ်တူဂီအရပ်သား ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။



ပြီးခဲ့သည့် ငါးနှစ်အတွင်း အကြီးမားဆုံး မီးလောင်မှု ၁၀ ခုအနက် ထက်ဝက်သည် ယခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပေါ်တူဂီသဘာဝနှင့် သစ်တောများ ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့က ပြောသည်။ ပေါ်တူဂီနိုင်ငံသည် ပြင်းထန်သော အပူလှိုင်းဖြတ်မှုနှင့် အလွန်အမင်း မိုးခေါင်မှုကို ကြုံတွေ့ခံစားရပြီး ၎င်းက နိုင်ငံအနှံ့ရှိ ဒေသအများအပြားတွင် မီးလောင်မှုကို ဖြစ်ပွားစေကြောင်း သိရသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၄၁၂၈ ဦး စစ်ဆေးတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၁၆**

တောင်ကိုရီးယားနိုင်ငံသည် ဩဂုတ် ၁၅ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၈၄၁၂၈ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၁၅၀၂၁၆၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

အဆိုပါကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် တိုးလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် အဆိုပါ ထပ်မံကူးစက်ခံရသူများအနက် ၄၆၃ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက် စုစုပေါင်း ပြည်ပပြန်ကူးစက်မှုအရေအတွက်သည် ၅၂၃၅၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၇ ဦးရှိသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက် ၂၅၇၁၀ အထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# မိုးခေါင်ရေရှားမှုကြောင့် အိုးအိမ်စွန့်ခွာသူ တစ်နေ့တခြား များပြားလာတဲ့ ဆိုမာလီယာ

## ကောင်းထက်

လတ်တလော ဂျပန်၊ တောင်ကိုရီးယား၊ လာအို၊ အာဖဂန်နစ္စတန်စတဲ့ နိုင်ငံအချို့မှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေပေမယ့် အာဖရိကဦးချိုဒေသက ဆိုမာလီယာနိုင်ငံမှာတော့ မိုးခေါင်ရေရှားမှုကြောင့် အိုးအိမ်စွန့်ခွာနေရသူတွေဟာ တစ်နေ့တခြား များပြားလာတာကို တွေ့ရပါတယ်။ ဒ့ါအပြင် စားနပ်ရိက္ခာမလုံလောက်မှုနဲ့ အာဟာရချို့တဲ့မှု ပိုမိုမြင့်မားလာတာကိုလည်း နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားတာ တွေ့နိုင်ပါတယ်။

ဆိုမာလီယာနိုင်ငံမှာ ဆိုးရွားလှတဲ့ မိုးခေါင်ရေရှားမှုဟာ မမျှော်လင့်ထားတဲ့အဆင့်တစ်ခုကို ရောက်ရှိနေပြီး လက်ရှိမှာ နိုင်ငံတွင်း အိုးအိမ်စွန့်ခွာနေရသူ တစ်သန်းနီးပါးရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ မကြာသေးခင်က ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ယခုနှစ်မှာ နိုင်ငံတွင်း ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုကြောင့် အိုးအိမ်စွန့်ခွာသူ ၇၅၅၀၀၀ ကျော်ရှိလာတဲ့အတွက် ၂၀၂၁ ခုနှစ် မိုးခေါင်ရေရှားမှုစတင်တဲ့ ဇန်နဝါရီလ နောက်ပိုင်း စုစုပေါင်း အိုးအိမ်စွန့်ခွာနေရသူ တစ်သန်းအထိ ရှိလာတာဖြစ်ပါတယ်။

### ထောက်ပံ့ရေးရန်ပုံငွေတွေ ပံ့ပိုးပေးဖို့ လိုအပ်

ဒါဟာ ဆိုမာလီယာနိုင်ငံအတွက် ကြီးမားတဲ့သတိပေးခေါင်းလောင်းသံဖြစ်တယ်လို့ ဆိုမာလီယာရှိ နော်ဝေဒုက္ခသည်များဆိုင်ရာမှ ဌာနေညွှန်ကြားရေးမှူး မိုဟာမက် အက်ဒီက ပြောပါတယ်။ မိသားစုဝင်တွေအနေနဲ့ သူတို့ရဲ့ကျေးရွာတွေမှာ သောက်သုံးရေနဲ့ အစားအစာတွေမကျန်ရှိတော့တာက အိုးအိမ်စွန့်ခွာဖို့ အဓိကအကြောင်းရင်းဖြစ်ပြီး အချိန်မီ ထောက်ပံ့ရေးရန်ပုံငွေတွေ ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ ၎င်းက ဆက်ပြောပါတယ်။

### ကယ်ဆယ်ရေးစခန်းတစ်ခုကို ရောက်ရှိလာ

ဆိုမာလီယာနိုင်ငံဟာ မိုးခေါင်မှုကြောင့် သမိုင်းဝင်ခြောက်သွေ့မှုဒဏ်ကို နှစ်နှစ်ကြာ ခံစားနေရပြီး အဲ့ဒီလို အခြေအနေမျိုးကို နှစ်ပေါင်း ၄၀ ကျော်အတွင်း မကြုံတွေ့ဖူးကြောင်းနဲ့ မျှော်လင့်ထားတဲ့ ပဉ္စမမြောက် မိုးရာသီကလည်း မိုးရွာသွန်းမှုမရှိတာကြောင့် နောက်ထပ်မိသားစုဝင်တွေ အိုးအိမ်စွန့်ခွာဖို့ ရှိနေတယ်လို့ သိရပါတယ်။ မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံတွေနဲ့ မွေးမြူရေးတိရစ္ဆာန်တွေ သေကျေပျက်စီးပြီးနောက် အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး၏ ဖခင်ဖြစ်သူ ဟူစိန်ဟာ ၎င်းရဲ့ မိသားစုဝင်တွေနဲ့အတူ မကြာသေးမီက ကယ်ဆယ်ရေးစခန်းတစ်ခုကို ရောက်ရှိလာပါတယ်။

### ငါးသန်းခန့်ကနေ ခုနစ်သန်းကျော်အထိ မြင့်တက်လာနိုင်

ရွာတွေမှာ ကျန်ရစ်ခဲ့တဲ့သူတွေအတွက် အခွင့်အရေးမရှိကြောင်းနဲ့ ဆက်နေမယ်ဆိုရင် စားသောက်စရာမရှိတာကြောင့် အသက်ပင်ဆုံးရှုံးနိုင်ကြောင်း ၎င်းက ပြောပါတယ်။ ဆိုမာလီယာနိုင်ငံမှာ ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့နေရတဲ့အရေအတွက်ဟာ လာမယ့်လတွေအတွင်း ငါးသန်းခန့်ကနေ ခုနစ်သန်းကျော်အထိ မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားကြောင်း သိရပါတယ်။

### စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေရ

မိုးခေါင်မှုနဲ့ ကြုံတွေ့နေရတဲ့ ဆိုမာလီယာနိုင်ငံမှာ လူပေါင်း ၂၁၃၀၀၀



ဆိုမာလီယာနိုင်ငံမှ ကလေးငယ်တစ်ဦးအား အာဟာရချို့တဲ့ခြင်း ရှိ မရှိ လက်မောင်းလုံးပတ်တိုင်းတာမှု ပြုလုပ်နေစဉ်။

ကျော်ဟာ စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေရတယ်လို့လည်း မကြာသေးမီက ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။ ယခုလို ဆိုမာလီယာနိုင်ငံမှာ ကြီးမားတဲ့ စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေရတာဟာ ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်တယ်လို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ စတီဖန် ဒူဂျာရစ်က ပြောပါတယ်။

### အာဟာရချို့တဲ့မှုနဲ့ ဆက်စပ်တဲ့ရောဂါကြောင့် ကလေးငယ် ၅၀၀ ထက်မနည်း သေဆုံးပြီးဖြစ်

ဆိုမာလီယာနိုင်ငံ၏ လူဦးရေရဲ့ ၄၅ ရာခိုင်နှုန်းခန့်ရှိတဲ့ လူပေါင်း ၇ ဒသမ ၁ သန်းဟာ စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေရတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ ဒ့ါအပြင် ဆိုမာလီယာနိုင်ငံမှာ ဇန်နဝါရီလနောက်ပိုင်း အာဟာရချို့တဲ့မှုနဲ့ ဆက်စပ်တဲ့ရောဂါကြောင့် ကလေးငယ် ၅၀၀ ထက်မနည်း သေဆုံးပြီးဖြစ်ကြောင်းနဲ့ လက်ရှိမှာ ခန့်မှန်းခြေ အသက် ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ငါးသန်းဟာ အာဟာရချို့တဲ့မှု ခံစားနေရတယ်လို့ ဆိုပါတယ်။

### ပဉ္စမမြောက် မိုးရာသီလည်း ရွာသွန်းဖို့မရှိ

ဆိုမာလီယာနိုင်ငံအပြင် ကင်ညာနိုင်ငံ မြောက်ပိုင်း၊ အီသီယိုပီးယားနိုင်ငံ တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ လူပေါင်း ၂၁ သန်းကျော်ဟာ လေးနှစ်ဆက်မိုးရွာသွန်းမှုမရှိတာကြောင့် စားနပ်ရိက္ခာမလုံလောက်မှု မြင့်မားတဲ့အဆင့်နဲ့ ရင်ဆိုင်နေရတယ်လို့ ဒူဂျာရစ်က ဆိုပါတယ်။ ဒ့ါအပြင် ပဉ္စမမြောက် မိုးရာသီကလည်း ရွာသွန်းဖို့ မရှိတာ ကြောင့် အဲ့ဒီဒေသမှ လူတွေအနေနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုတွေ မရရှိဘူးဆိုပါက စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ဆက်လက်ကြုံတွေ့ရဖွယ်ရှိနေပါတယ်။

### လူပေါင်း လေးသန်းကျော် အကူအညီများ လက်ခံရရှိပြီးဖြစ်

ဒါပေမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုအနေနဲ့ အဆိုးရွားဆုံးအခြေအနေကို ရှောင်ရှားနိုင်ဖို့အတွက် အတိုင်းအတာတစ်ခုအထိ တိုးမြှင့်လုပ်ဆောင်နေတာ တွေ့ရကြောင်း ဒူဂျာရစ်က ပြောပါတယ်။ အစားအစာ၊ သောက်သုံးရေအပါအဝင် ဇန်နဝါရီလမှ ဇွန်လအထိ လူပေါင်း လေးသန်းကျော် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လက်ခံရရှိပြီးဖြစ်တယ်လို့ သိရပါတယ်။

### တောင်ဆူဒန်နိုင်ငံမှာလည်း စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ကြုံတွေ့နေရ

တောင်ဆူဒန်နိုင်ငံမှာလည်း ၂၀၁၁ ခုနှစ်က လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံလူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းခန့်ဖြစ်တဲ့ လူပေါင်း ၈ ဒသမ ၃ သန်းမှာလည်း စားနပ်ရိက္ခာမလုံလောက်မှု အမြင့်ဆုံးအဆင့်နဲ့ ကြုံတွေ့နေရတယ်လို့ မကြာသေးမီက ထုတ်ပြန်လိုက်တဲ့ ကုလသမဂ္ဂရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ကိုးကား – ဆင်ဟွာ



မိုးခေါင်ရေရှားမှုကြောင့် ကယ်ဆယ်ရေးစခန်းသို့ အိုးအိမ်စွန့်ခွာလာသည့် မိသားစုကို တွေ့ရစဉ်။

## ဩဂုတ် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၅၆ ရာခိုင်နှုန်းရှိ

(၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၆၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၃၃,၆၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၄၅၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

(၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄၄) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄၀၅) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၃၃၈) ခု | (၁၁) ဦး |
| **စုစုပေါင်း** | (၈,၆၉၉) ခု | (၄၉) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ ယာယီ တိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၈၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၄၅၉၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့တို့၌ ဒေသခံပြည်သူ ၂၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၂၄၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၆၃၃ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

**သီပေါ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တစ်လမ်းမှလည်း ပရဟိတအဖွဲ့များက ပူးပေါင်းပါဝင်ကာ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုတွင် ယနေ့နံနက်ပိုင်းက နယ်စည်းမခြား ပရဟိတခေါင်းဆောင် ဦးမျိုးမြင့်လွင် ဦးဆောင်သော သီပေါပရဟိတလူငယ်အဖွဲ့နှင့် နယ်စည်းမခြား လူငယ်များ မြို့ပေါ်လူသွားလူလာများသောနေရာနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး အတွင်းအပြင် သန့်ရှင်းရေး၊ မိုးကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရန် ခြင်၊ ယင်များ ခိုအောင်းမည့် ချုံနွယ်သစ်ပင်များ၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း ရေစီးရေလာကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိနိုင်ရေးအတွက် ဒေသတွင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုသည့် True World Co.,Ltd အား ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီခန့်က ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် True World Co.,Ltd ၏ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဇေယျာက လှိုင်းဘွဲ့မြို့နယ် ရေဘုတ်ရေလှောင်တမံတွင် ရေပေါ်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း တိုးတက်လုပ်ဆောင်နေမှုအခြေအနေ၊ မူလတင်ပြထားသော ရေဘုတ်ရေလှောင်တမံ၌ လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ်အပြင် အခြားသင့်လျော်သော နေရာတစ်ခု၌ ကုန်းပေါ်စနစ် မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)ကာလိမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ ဆီများပြတ်လပ်မှု မရှိစေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး

**ကာလိ ဩဂုတ် ၁၆**

ရှမ်းပြည်နယ် တောင်ပိုင်း ကာလိမြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဆီများပြတ်လပ်မှု မရှိစေရေးအတွက် ယနေ့နံနက် ၁၀ နာရီက စက်သုံးဆီများရောင်းဝယ်နေမှု အခြေအနေ၊ လက်ကျန်အခြေအနေတို့ကို မြေပြင်ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်များ ဆီများပြတ်လပ်မှုမရှိစေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းမြင့်သန်း၊ နယ်မြေစခန်းမှ စခန်းမှူး ရဲအုပ်လှဟန်၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကာ စက်သုံးဆီများ ရောင်းဝယ်နေမှုအခြေအနေ၊ လက်ကျန်အခြေအနေတို့ကို သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ ဆီဆိုင်များတွင် ပြည်သူများအတွက် စက်သုံးဆီများကို ပုံမှန်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**

## ပဲခူးမြို့၌ တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး ဩဂုတ် ၁၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရန်နှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်း တိုးမြှင့်နိုင်ရေးအတွက် ကျောင်းသားလူငယ်များ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးသည် အဓိကကျသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်သည် ပညာရေးနှင့်ကျန်းမာရေးပေါ်တွင် မူတည်လျက်ရှိရာ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာသန်စွမ်းမှသာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည်ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးကို အထူးဂရုပြု ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စိန်ထွန်းကျောင်းမှ ကျောင်းသားကျောင်းသူများက တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်း တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် ဗီဒီယိုကလစ်အား ကြည့်ရှုအားပေးခဲ့ပြီးနောက် ကျောင်းသားလူငယ်များအား ဗီတာမင်အေဆေးလုံးများတိုက်ကျွေးသည်။ **(ယာပုံ)** ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းသား လူငယ်များအား အာဟာရဖြည့် အစားအစာများ သွားရောက်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းကျန်းမာရေးအနေဖြင့် စာသင်ကျောင်းပေါင်း ၁၁၄၀၊ ကျောင်းသားဦးရေ ၆၈၆၅၅ ဦးအား ကျန်းမာရေးစစ်ဆေးပေးနိုင်ခဲ့ပြီး အသက်ငါးနှစ်မှ ၁၂ နှစ်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပြီး ကျောင်းသားကျောင်းသူ ၈၂ ရာခိုင်နှုန်း၊ အသက် ၁၂ နှစ်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူ ၉၀ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စားသုံးသူတို့ထံလက်ဝယ်အရောက် စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးနေ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ပြည်သူများ ဈေးနှုန်းသက်သာစွာ စားအုန်းဆီ ဝယ်ယူစားသုံးနိုင်ရန် ယာဉ်တစ်စီးလျှင် ဆီခြောက်ပီပါ တင်ဆောင်၍ တစ်ရက်လျှင် ယာဉ်အစီးရေ ၆၅ စီးကျော်ဖြင့် စားသုံးသူတို့ထံ လက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးနေကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။



ဇူလိုင် ၁၇ ရက်မှစ၍ မြို့နယ်ပေါင်း ၃၀ ကျော်အား ယာဉ်တစ်စီးလျှင် ပိဿာချိန် ၁၁၀ သော ဆီပီပါ ခြောက်ပီပါ တင်ဆောင်ထားသည့် ယာဉ်များဖြင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ ဖြင့် ရောင်းချပြီး ဩဂုတ်တတိယပတ်တွင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၄၁၄၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။

"ပြည်တွင်း ထုတ်လုပ်မှုနည်းနေချိန်မှာ စားသုံးသူလက်ဝယ် တိုက်ရိုက် ရောက်ရှိစေချင်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး သာမက ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်း ရောင်းချပေးနေပါတယ်။ အခုလို စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၃၇၀၀၊ ၄၁၄၀ နဲ့ ရောင်းချပေးမှုအပေါ် အိမ်ရှင်မတွေလည်း ကျေနပ်ကြတာကြောင့် ကျွန်တော်တို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ မြို့နယ်ပေါင်း ၃၀ ကျော် ရောင်းချခဲ့ပြီးဆက်ပြီးလည်း ဖြန့်ချိရောင်းချပေးနေပါတယ်။ ကားတစ်စီးကို ခြောက်ပီပါနှုန်းနဲ့ တစ်ရက်ကားအစီးရေ ၆၅ စီးကျော် ထွက်နေပါတယ်။ နောက်ပိုင်း သက်ဆိုင်ရာနဲ့ညှိနှိုင်းပြီး ဆီအရောင်းဆိုင်တွေ ဖွင့်ဖို့ စီစဉ်နေပါတယ်" ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၉၆၀၀ အထိ ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအား တစ်ပတ်တစ်ကြိမ် ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုဖြင့် စားသုံးသူများ အဆင်ပြေချောမွေ့စေရန် တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားမှ တစ်ပိဿာအထိ ရောင်းချပေးလျက်ရှိသည်။

ပြည်တွင်း စားသုံးမှုကို ဖြည့်ဆည်းနိုင်ရန် ပြည်ပမှ စားအုန်းဆီကို တင်သွင်းလျက်ရှိပြီး ရန်ကုန်မြို့သို့ ဇူလိုင်လက စားအုန်းဆီတန်ချိန် ၄၀၀၀၀ ခန့်ဝင်ရောက်ခဲ့သည်။ ရန်ကုန်မြို့နေ ပြည်သူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ဆီ နှစ်ကျပ်သားစားသုံးမှုဖြင့် လည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်လလျှင် တန်ချိန် ၅၀၀၀၀ မှ ၆၀၀၀၀ အထိ စားသုံးမှုဖြင့် တိုင်းတာ၍ ပြည်ပမှစားအုန်းဆီကို တင်သွင်းကြောင်း၊ ယခုနှစ်တွင် ပြည်တွင်း၌ နေကြာနှင့်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခဲ့ရာ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချကာ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်စိုက်ပျိုးမှုဖြင့် ပြည်တွင်း၌ စားသုံးဆီဈေးနှုန်း မြင့်တက်မှု လျှော့ကျသွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အနေဖြင့်စားသုံးသူများဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ရောင်းချပေးလျက်ရှိပြီး ဆက်လက်၍ လက်ကားဒိုင်များ၊ စက်မှုလုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများ တိုက်ရိုက်ဝယ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး**
**ညိမ်းသူ (သတင်းစဉ်)**

# ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပို့ဆက်နှင့် ကာကွယ်ရေးအသင်းတို့ အနိုင်ရရှိ

**နေပြည်တော် ဩဂုတ် ၁၆**

မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် လေ့ကျင့်ရေးကွင်း အမှတ်(၃)တို့၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူ များ၊ ဝန်ထမ်းများနှင့် ဘောလုံးအားကစားဝါသနာရှင် များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း နှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အားကစား နှင့် လူငယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေး ဝန်ကြီးဌာနအသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့မှ ဆက်လက် ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

အားကာမောင်



# ကချင်ယူနိုက်တက်ကို Junior Lions အသင်း ဂိုးပြတ်အနိုင်ယူ

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) လက်ကျန်ပွဲအဖြစ် ကချင်ယူနိုက် တက်နှင့် Junior Lions အသင်းတို့ ဩဂုတ် ၁၆ ရက်က သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ယှဉ်ပြိုင် ကစားရာ Junior Lions အသင်း က လေးဂိုးပြတ် အနိုင်ရခဲ့သည်။

၂၀၂၂ ရာသီ MNL-2 ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် အသင်းများ အနက် အသင်းအချို့မှာ နိုင်ငံ တကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့သဖြင့် ပွဲစဉ် (၁) နှင့် (၂) မှ ပွဲအချို့ကို ရွှေ့ဆိုင်းခဲ့ရပြီး ယခုပွဲမှာ ပွဲစဉ် (၂) ရွှေ့ဆိုင်းထားသည့် တစ်ပွဲလည်း ဖြစ်သည်။

Junior Lions အသင်းမှာ မြန်မာ ယူ-၁၉ လက်ရွေးစင် အသင်းကို ပွဲအတွေ့အကြုံရစေရန် Junior Lions အမည်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင် နေသဖြင့် ယခုမှာ ပထမဆုံးပွဲ ကစားရခြင်းဖြစ်သည်။ ကလပ် အသင်းရှိသည့် ကစားသမားများ ကို သက်ဆိုင်ရာ ကလပ်အသင်း များထံ ပြန်လည်စေလွှတ်ထား ရသဖြင့် ကျန်ရှိသည့်ကစားသမား များဖြင့် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းမှာမူ ဒုတိယပွဲ ကစားရခြင်းဖြစ်ပြီး ပထမပွဲတွင် နှစ်ဂိုးစီသရေကျခဲ့ပြီး ယခုပွဲတွင် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။ Junior Lions အသင်း သည် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိသော်လည်း ဒုတိယ ပိုင်းတွင် သုံးဂိုးထပ်မံသွင်းယူ နိုင်သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ Junior Lions အသင်း အတွက် အနိုင်ဂိုးများကို ၄၁ မိနစ် တွင် စွမ်းထက်၊ ၅၁ မိနစ်တွင် သာယာဝင်းထက်၊ ၆၆ မိနစ်တွင် ဖြိုးသက်ကိုကို၊ ၇၈ မိနစ်တွင် အောင်သီဟတို့က သွင်းယူခဲ့သည်။

ဩဂုတ် ၁၈ ရက်တွင် တက္ကသိုလ်အသင်းနှင့် Young Boys အသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**



ကချင်ယူနိုက်တက်နှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်စဉ်။

# အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၂၂ အာရှအမျိုးသမီးကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ (အရှေ့အာရှဇုန်) အုပ်စုပထမနေ့အဖြစ် မြန်မာ ကလပ် အား/ကာသိပ္ပံအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်ချောင် ဘလူးအသင်းတို့ ဩဂုတ် ၁၆ ရက် က ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံ အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့် ခဲ့သည်။ ယခုပွဲမှာ ပုံမှန်အရ ဩဂုတ် ၁၅ ရက် ညနေပိုင်းက ကစားရခြင်းဖြစ်ပြီး မိုးသည်းထန် စွာ ရွာသွန်းမှုကြောင့် ပွဲချိန် ၂၁ မိနစ်တွင် ရပ်နားခဲ့ရခြင်းဖြစ်ကာ လက်ကျန် ၆၉ မိနစ်ကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ပြန်လည် ကစားရခြင်းဖြစ်သည်။

အာရှအမျိုးသမီး ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပထမဆုံး ယှဉ်ပြိုင်ခွင့်ရသည့် မြန်မာအမျိုး သမီးကလပ် အား/ကာသိပ္ပံအသင်း သည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဖွင့်ပွဲမှာ ပင် အရှုံးဖြင့် စတင်ခဲ့ရသည်။ အရှေ့အာရှဇုန်တွင် ပါဝင်သည့် သုံးသင်းအနက် အမှတ်အများဆုံး ရသည့် တစ်သင်းသာ နောက်ဆုံး အဆင့် ဗိုလ်လုပွဲတက်ရောက်ခွင့် ရမည်ဖြစ်သောကြောင့် ရှုံးပွဲ ကြုံတွေ့ခဲ့သည့် အား/ကာသိပ္ပံ အသင်းအနေဖြင့် အခွင့်အရေး နည်းသွားခဲ့ရသည်။

အား/ကာသိပ္ပံ အသင်းတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းခေါင်းဆောင် ခင်မာလာ ထွန်း ဦးဆောင်ကာ လက်ရွေးစင် နှင့် လူငယ်လက်ရွေးစင်အဆင့် ကစားသမားများ ပါဝင်ကစား ခဲ့သည်။ အား/ကာသိပ္ပံအသင်း သည် လေးမိနစ်အတွင်း နှစ်ဂိုး ပေးလိုက်ရသဖြင့် နောက်မှ လိုက်ကစားခဲ့ရသလို နှစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းကာ သရေလိုက် ကစားနိုင်သော်လည်း နှစ်ဂိုးစီ သရေကျပြီး နှစ်မိနစ်အကြာမှာပင် တတိယဂိုးခွင့်ပြုခဲ့ရသဖြင့် အရေး နိမ့်ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံ အသင်းအတွက် ချေပဂိုးများကို ၃၃ မိနစ်တွင် ခင်မာလာထွန်း၊ ၅၈ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူပြီး တိုင်ချောင်ဘလူး အသင်းအတွက် ဂိုးများကို ၂၈၊ ၃၂၊ ၆၀ မိနစ်တို့တွင် သွင်းယူခဲ့သည်။

အား/ကာသိပ္ပံ အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၁၈ ရက်တွင် ထိုင်းကလပ် College Of Asian Scholars အသင်း နှင့် ကစားရမည်ဖြစ်သည်။ အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်း နှင့် တရုတ်(တိုင်ပေ)ကလပ်တို့ ပါဝင်ယှဉ်ပြိုင်နေပြီး အမှတ်အများ ဆုံးရသည့် ကလပ်အသင်းမှာ အနောက်အာရှဇုန်မှ အမှတ် အများဆုံးရရှိသည့် အသင်းနှင့် ဗိုလ်လုပွဲ ပြန်လည်ကစားရမည် ဖြစ်သည်။

ရဲရင့်လွင်

# MNL ပွဲစဉ် (၈) လက်ကျန်နှစ်ပွဲစလုံး ပြိုင်ဆိုင်မှုပြင်းထန်နိုင်

**ရန်ကုန် ဩဂုတ် ၁၆**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) လက်ကျန်ပွဲများကို ဩဂုတ် ၁၇၊ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်လိုနေသည့် ရတနာပုံနှင့် ဒုတိယနေရာအတွက် အမှတ်ယူရမည့် မြဝတီ၊ တန်းဆင်း ဇုန်မှလွတ်မြောက်ရန် အမှတ်လိုနေသည့် GFA နှင့် ရခိုင်ယူနိုက်တက် တို့ ထိပ်တိုက်တွေ့ဆုံနေသဖြင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ် ရှိနေ သည်။

လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၁၇ ရက်(**ယနေ့**)တွင် ရတနာပုံ အသင်းနှင့် မြဝတီအသင်း၊ ဩဂုတ် ၁၈ ရက်တွင် GFA အသင်းနှင့် ရခိုင် ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ်(၈)တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ဧရာဝတီ အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အားကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိထားသည်။ လက်ကျန်ပွဲကစားမည့် အသင်းများအနက် ပွဲစဉ်(၇)အပြီးတွင် မြဝတီအသင်းက ၁၅ မှတ် ၊ ရတနာပုံအသင်းက ရှစ်မှတ်၊ GFA အသင်းက သုံးမှတ်ရရှိထားပြီး ရခိုင် ယူနိုက်တက်အသင်းမှာ ခုနစ်ပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။ ယခုရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်သေးသည့် ရတနာပုံအသင်းသည် ကစားအားကောင်းသည့် မြဝတီအသင်းနှင့် တွေ့ဆုံနေပြီး ဇယား ထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ပိုမပြတ်သွားရန် ယခုပွဲတွင် အမှတ် ရယူနိုင်ရန် လိုအပ်နေသည်။ မြဝတီအသင်းအနေဖြင့် ရန်ကုန်အသင်း နိုင်ပွဲကြောင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ယခုပွဲတွင် မဖြစ်မနေ အမှတ်ရယူရမည်ဖြစ်သည်။ မြဝတီအသင်းသည် တန်းတက် အသင်းဖြစ်သော်လည်း ရလဒ်ကောင်းများရရှိကာ ဇယားထိပ်ပိုင်းတွင် ရပ်တည်နေခြင်း ဖြစ်သည်။

သုံးမှတ်ရထားသည့် GFA အသင်းနှင့် ပွဲတိုင်းအရေးနိမ့်ထားသည့် ရခိုင်ယူနိုက်တက်အသင်းတို့၏ တန်းဆင်းဇုန်တိုက်ပွဲမှာ လက်ကျန်ပွဲ များတွင် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည်။ GFA အသင်း အနိုင်ရပါက ရမှတ်ခြောက်မှတ်ဖြင့် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် မျှော်လင့်ချက်ပိုကောင်းသွားမည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်း မှာ နိုင်ပွဲရယူနိုင်မှသာ တန်းဆင်းဇုန်မှလွတ်ရန် မျှော်လင့်နိုင်မည်ဖြစ်ပြီး သရေ သို့မဟုတ် အရေးနိမ့်ပါက အခွင့်အရေးနည်းသထက် နည်းလာ မည်ဖြစ်သည်။ ထို့ကြောင့် နှစ်သင်းစလုံး မဖြစ်မနေအနိုင်ရရန် ကြိုးစား ရမည့်ပွဲဖြစ်သည်။

ရဲရင့်လွင်

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# အာဆီယံအခြေခံမူများနှင့်အညီ ...

ဇင်ငြိမ်း

**မြန်မာ့ပြည်တွင်းရေးနဲ့ပတ်သက်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ လတ်တလောပြောကြားချက်တွေဟာ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ ကိုက်ညီရဲ့လား၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောဆိုတာလဲ၊ ဖုံးကွယ်ထားတဲ့ရည်ရွယ်ချက်တွေက ဘာတွေလဲဆိုတာနဲ့ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေဟာ မြန်မာနိုင်ငံအတွက်သာမကဘဲ အာဆီယံအဖွဲ့ကြီးနဲ့ အဖွဲ့ဝင်နိုင်ငံတွေအတွက်ပါ စဉ်းစားစရာဖြစ်နေပါတယ်။**

အာဆီယံနိုင်ငံတွေအနေနဲ့ မြန်မာပြည်သူလူထုကို စိတ်ဓာတ်ပိုင်းဆိုင်ရာ အကူအညီတွေပေးဖို့ အထူးလိုအပ်နေပြီး အာဏာထိန်း(သိမ်း)မှုနောက်ပိုင်း ဖွဲ့စည်းခဲ့တဲ့ အတိုက်အခံအုပ်စုတွေနဲ့ ထိတွေ့ဆက်ဆံဖို့လည်း လိုအပ်တယ်လို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆိုင်ဖူဒင်အဗ္ဗဒူလာ ထိုင်းနိုင်ငံကို ရောက်တဲ့အချိန် ဩဂုတ် ၁၀ ရက်သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဩဂုတ် ၃ ရက်ကနေ ၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာလည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဟာ မြန်မာ့အရေးဖြေရှင်းရာမှာ NUG၊ NUCC အပါအဝင် ပိုမိုအဓိကကျတဲ့ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးနဲ့ အာဆီယံက ထိတွေ့မှုတွေကို အရှိန်တိုးမြှင့်ဆောင်ရွက်ဖို့နဲ့ အဲဒီလိုထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်တာကိုလည်း လူသိရှင်ကြားထုတ်ဖော်ဖို့ တိုက်တွန်းပြောကြားခဲ့ပါသေးတယ်။ အာဆီယံဦးဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကူအညီပေးနိုင်ဖို့အတွက် တတိယနိုင်ငံတစ်နိုင်ငံ ပါဝင်ဆောင်ရွက်တာကို ယူကောင်းယူဖို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးခဲ့ကြတယ်လို့လည်း ဆိုင်ဖူဒင် အဗ္ဗဒူလာက ပြောခဲ့ပါတယ်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ပြောဆိုချက်တွေကို ကြည့်ရင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံရဲ့သဘောထားထက် မလေးရှားနိုင်ငံရဲ့သဘောထားအဖြစ် တွေ့ရပါတယ်။ ထူးဆန်းစွာပဲ မလေးရှားနိုင်ငံရဲ့သဘောထားဟာ "အာဆီယံအနေနဲ့ NUG နဲ့ လက်တွဲပြီး အလုပ်လုပ်ဖို့လိုကြောင်း၊ NUG ဟာ မြန်မာပြည်သူတွေအပေါ် တရားဝင်ကိုယ်စားပြုထားကြသူတွေဖြစ်ကြောင်း၊ တရားဥပဒေနဲ့ ညီညွတ်တဲ့ ဒီဂျူရီအစိုးရအဖြစ်သာမက လက်တွေ့မြေပြင်အခြေအနေတွေမှာလည်း နယ်မြေကို စိုးမိုးချုပ်ကိုင် စီမံဖန်တီးနိုင်မှု တိုးမြှင့်လာတာ ထင်ရှားတဲ့အတွက် အာဆီယံအနေနဲ့ NUG နဲ့ လက်တွဲလုပ်ဆောင်တာတွေ တရားဝင်စတင်ပါ" ဆိုပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) အဖွဲ့ဝင် ခရစ္စဆီဒိုတီက တိုက်တွန်းခဲ့တာနဲ့ တစ်သဘောတည်း ဖြစ်နေပါတယ်။

အထူးအကြံပေးကောင်စီ(SAC-M) ဆိုတာကတော့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာ့အရေး နိုင်ငံတကာအကြံပြုချက်တွေ ပြုလုပ်နိုင်ဖို့အတွက် ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတွေအဖြစ် မြန်မာ့အရေး ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့ကြသူတွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့ကို မြန်မာ့အရေး အချက်အလက်ရှာဖွေရေးမစ်ရှင်မှာ ပါဝင်တဲ့သူတွေနဲ့ဖွဲ့ထားပါတယ်။ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်ခဲ့တဲ့ မစ္စယန်ဟီးလီ၊ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းခဲ့တဲ့ မြန်မာအရေးအချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့ခေါင်းဆောင် မာဇူကီဒါရွှတ်စမန်နဲ့ အဖွဲ့ဝင် ခရစ္စဆီဒိုတီတို့ဟာ SAC-M ကို ထူထောင်သူတွေဖြစ်ပါတယ်။

SAC-M အဖွဲ့ဝင်တွေကို ကြည့်ခြင်းအားဖြင့် သူတို့ဟာ ဘယ်ရည်ရွယ်ချက်နဲ့ ဖွဲ့တာလဲဆိုတာ သိသာနိုင်ပါတယ်။ သူတို့ဟာ ဘင်္ဂါလီအရေးအတွက် လှုပ်ရှားနေသူတွေ ဖြစ်ပါတယ်။ လူ့အခွင့်အရေးခေါင်းစဉ်နဲ့ ဘင်္ဂါလီတွေအရေးကို ထဲထဲဝင်ဝင်ပါဝင်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရေးနဲ့ သူတို့လိုလားချက်တွေရရှိဖို့ ကြိုးစားနေကြသူတွေဖြစ်ပါတယ်။ သူတို့ရဲ့နောက်ကွယ်မှာတော့ OIC တို့၊ အမေရိကန်တို့ ရှိနေပါတယ်။

သူတို့အားလုံးဟာ သူတို့ရည်ရွယ်ချက်နဲ့သူတို့ မြန်မာနိုင်ငံကို ဖိအားပေးဖို့၊ လွှမ်းမိုးဖို့ကြိုးစားနေကြတာပါ။ ယခင်အစိုးရသက်တမ်းအတွင်းက မအောင်မြင်သေးတဲ့ သူတို့ရဲ့ရည်မှန်းချက်တွေကို အာဆီယံလမ်းကြောင်းဘက်ကနေ ကြိုးစားနေကြတာပဲ ဖြစ်ပါတယ်။ SAC-M ရဲ့ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နဲ့ ပြောဆိုချက်တွေဟာ အာဆီယံအဖွဲ့ကြီးကို အသုံးချဖို့ လုပ်ဆောင်နေတာလို့ ပြောနိုင်ပါတယ်။ အဲဒီလို နောက်ကွယ်က ရည်ရွယ်ချက်တွေနဲ့ လုပ်ဆောင်နေတဲ့ SAC-M ရဲ့ ပြောဆိုချက်တွေနဲ့ တူညီစွာ မလေးရှားနိုင်ငံက ပြောဆိုလာတာဟာ အာဆီယံအတွက် သတိထားစရာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်ချက်တွေ၊ အခြေခံမူတွေ အခိုင်အမာရှိပြီးဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ အခြေခံမူတွေနဲ့အညီ မြန်မာ့ပြည်တွင်းရေး ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားနေချိန်မှာ မလေးရှားနိုင်ငံက အာဆီယံရဲ့အခြေခံမူတွေနဲ့ဆန့်ကျင်ပြီး မြန်မာ့ပြည်တွင်းရေးကို SAC-M က ဖိအားပေးတဲ့အတိုင်း ထပ်ကာထပ်ကာ ပြောဆိုနေတာ တွေ့ရပါတယ်။ ယခင်ကလည်း ဘင်္ဂါလီအရေးနဲ့ပတ်သက်လို့ မလေးရှားနိုင်ငံက မြန်မာနိုင်ငံကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့ပြီး မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီယာမိုဟာမက်က ဘင်္ဂါလီတွေအပေါ် မြန်မာအစိုးရရဲ့ ကိုင်တွယ်ပုံဟာ လက်ခံနိုင်စရာမရှိတဲ့အတွက် မြန်မာနိုင်ငံကို အာဆီယံထဲကနေ ထုတ်ပယ်သင့်တယ်လို့ ၂၀၁၅ ခုနှစ်အတွင်းက ပြောခဲ့ဖူးပါတယ်။

အခုလည်း SAC-M ရဲ့ ပြောကြားချက်တွေနဲ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်တွေ တူညီနေတာဟာ တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြားတဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို ကူညီဖို့ဆိုတာ သကာဖုံးထားတဲ့စကားသာဖြစ်ပြီး နောက်ကွယ်မှာတော့ မအောင်မြင်သေးတဲ့ ဘင်္ဂါလီအရေးနဲ့ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးပြီး တရုတ်နိုင်ငံကို ထိန်းချုပ်ရေး ရည်မှန်းချက်တွေပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ အကောင်အထည်ဖော်ဖို့အတွက် အာဆီယံအဖွဲ့ကြီးရဲ့ ပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ သွေဖည်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်တွေကို မြန်မာနိုင်ငံက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့တာပဲ ဖြစ်ပါတယ်။

**✻ အာဆီယံရဲ့ အခြေခံမူထဲမှာ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားလိုက်နာခြင်းဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် အာဆီယံအဖွဲ့ကြီးကို ခိုင်မာအားကောင်းသော၊ စည်းလုံးညီညွတ်သော၊ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်သော အဖွဲ့ကြီးဖြစ်ဖို့ဆိုရင် အာဆီယံနိုင်ငံတွေအကြား အာဆီယံအခြေခံမူတွေနဲ့အညီ လုပ်ဆောင်ကြမှသာ အာဆီယံရဲ့ ရည်မှန်းချက်တွေ ပြည့်ဝလာမှာ ဖြစ်ပါတယ်**

အာဆီယံအဖွဲ့ ထူထောင်ထားတဲ့ ရည်ရွယ်ချက်ထဲမှာ တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် အသိုက်အဝန်းဖြစ်ဖို့ ရည်မှန်းထားတာပါဝင်ပါတယ်။ ဒ့ါကြောင့် အာဆီယံအဖွဲ့ကြီးဟာ ဆုံးဖြတ်တာတွေကို အာဆီယံချာတာပါ အပိုဒ် ၂၀ အရ အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးရဲ့ တူညီဆန္ဒနဲ့ ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာ့အရေးနဲ့ပတ်သက်လို့ အာဆီယံဦးဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အကူအညီပေးနိုင်ဖို့အတွက် တတိယနိုင်ငံတစ်နိုင်ငံ ပါဝင်ဆောင်ရွက်တာကို ယူကောင်းယူဖို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောဆိုချက်ဟာ အာဆီယံပဋိညာဉ်နဲ့ ဆန့်ကျင်နေပါတယ်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ ပြောကြားချက်ဟာ အာဆီယံရဲ့မူနဲ့ မညီသလို သူ့ရဲ့ပြောကြားချက်နောက်မှာ ကွယ်ဝှက်ထားတဲ့ ရည်ရွယ်ချက်နဲ့ အစီအစဉ်တွေရှိတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ အာဆီယံအဖွဲ့ကြီးကို ရှေ့တန်းတင်ပြီး နောက်ကွယ်မှာတော့ သူတို့လိုချင်တဲ့ ပုံစံကို လမ်းကြောင်းလိုက်ပေးနေခြင်းလည်း ဖြစ်ပါတယ်။

ကမ္ဘာမှာ အခုဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအကြား အင်အားပြိုင်ပြီး လွှမ်းမိုးဖို့ကြိုးစားနေကြလို့ ပြိုင်ဆိုင်မှုတွေ၊ တင်းမာမှုတွေ မြင့်တက်နေတဲ့အချိန်ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံက သူ့ရဲ့စီးပွားရေး၊ စစ်ရေးပြိုင်ဘက်တွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်နိုင်ငံအပေါ် ထိန်းချုပ်ဖို့ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး လုပ်ဆောင်နေလို့ ရုရှားနဲ့ ယူကရိန်းစစ်ပွဲဖြစ်ပွားနေသလို တရုတ်နိုင်ငံနဲ့လည်း တင်းမာမှုတွေ ဖြစ်နေပါတယ်။ အဲဒါရဲ့ နောက်ဆက်တွဲက ဒေသတွင်း မတည်ငြိမ်မှုတွေ ဖြစ်နေပါတယ်။ အာဆီယံဒေသဟာလည်း ပထဝီနိုင်ငံရေးနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအတွက် အရေးပါနေတဲ့အတွက်ကြောင့် အင်အားကြီးနိုင်ငံတွေက အာဆီယံနဲ့ ဆက်ဆံရေးအပြိုင် ထူထောင်နေကြပါတယ်။

ပြီးခဲ့တဲ့ မေလက အမေရိကန်နဲ့ အာဆီယံဆက်ဆံရေး (၄၅) နှစ်ပြည့် အထိမ်းအမှတ် ထိပ်သီးဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ကျင်းပခဲ့ပါတယ်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဆီယံခေါင်းဆောင်တွေကို အိမ်ဖြူတော်မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဒ့ါအပြင် အာဆီယံဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းတဲ့ စွမ်းအင်ထုတ်လုပ်မှု ထွန်းကားရေးနဲ့ ပင်လယ်ရေကြောင်း လုံခြုံမှုရှိရေးကို အားပေးထောက်ခံသွားပြီး ဒီလိုလုပ်ဖို့အတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ သုံးစွဲသွားမယ်လို့ ကတိပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒါဟာ အာဆီယံကို အမေရိကန်က တရုတ်နဲ့အပြိုင် စည်းရုံးနေတဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအရ တရုတ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုကို ထိန်းချုပ်ဖို့ ပတ်ဝန်းကျင်နိုင်ငံတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချဖို့ ကြိုးစားနေခြင်းလည်း ဖြစ်ပါတယ်။ အဲဒီထဲမှာ အာဆီယံဟာလည်း တစ်စိတ်တစ်ပိုင်းပါဝင်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်းနိုင်ငံတွေရဲ့ ဘုံအကျိုးစီးပွားအတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့ပဲ ဖြစ်ပါတယ်။ စစ်ရေးဆိုင်ရာအဖွဲ့အစည်း မဟုတ်ပါဘူး။ ဒေသတွင်းနိုင်ငံတွေရဲ့ ဘုံအကျိုးစီးပွားအတွက် ထာဝရငြိမ်းချမ်းသော၊ အေးချမ်းတည်ငြိမ်သော၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး အတူတကွ သာယာဝပြောတဲ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်သော ဒေသအတွင်း နေထိုင်သွားဖို့နဲ့ အဓိကအကျိုးစီးပွား လိုလားချက်တွေကို မြှင့်တင်ဖို့ ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒီလိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ တူညီဆန္ဒနဲ့ဆုံးဖြတ်မှု၊ မတူကွဲပြားမှုနှင့် ညီညွတ်ခြင်း စတဲ့အခြေခံမူတွေနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။

အာဆီယံရဲ့ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ၊ အခြေခံမူတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့အချိန်မှာ မလေးရှားနိုင်ငံက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့နဲ့ ပြင်ပနိုင်ငံတွေကို ထည့်သွင်းဖို့ ပြောဆိုနေတာ သွေးရိုးသားရိုးကူညီလိုခြင်းလို့ ယူဆဖို့ခက်ခဲပါတယ်။ SAC-M ကလည်း မြန်မာနိုင်ငံကို ဖိအားပေးဖို့ အာဆီယံကို တိုက်တွန်းပြောဆိုနေတာတွေ ရှိပါတယ်။ သူတို့အနေနဲ့ သူတို့ ရည်မှန်းချက်တွေ အပြည့်အဝ အကောင်အထည်ဖော်ဖို့ဆိုရင် မြန်မာနိုင်ငံမှာ သူတို့အလိုကျဖြစ်မယ့် အစိုးရတစ်ရပ်ပေါ်ပေါက်ရေး၊ ရုပ်သေးအစိုးရတစ်ရပ်ပေါ်ပေါက်ရေး လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ ယူကရိန်းနိုင်ငံနဲ့ ထိုင်ဝမ်မှာဆိုရင်လည်း အဲဒီကိုလိုနီလက်သစ်နည်းတွေကိုပဲ အသုံးချခဲ့ကြတာ တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလို ဖိအားပေးလုပ်ဆောင်တာတွေကြောင့် မြန်မာ့ပြည်တွင်းရေးအတွက် သာမကပါဘူး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ တည်ငြိမ်မှုကို ထိခိုက်စေနိုင်ပါတယ်။ ရုရှား-ယူကရိန်းစစ်ပွဲကိုကြည့်ရင် ကာယကံရှင်ဖြစ်တဲ့ ရုရှားနဲ့ ယူကရိန်းနိုင်ငံတွေပဲ ထိခိုက်တာမဟုတ်ပါဘူး။ ဒေသတွင်းနိုင်ငံတွေ၊ ဆက်စပ်နေတဲ့နိုင်ငံတွေအပြင် ပဋိပက္ခနဲ့ ဘယ်လိုမှမဆက်စပ်တဲ့ နိုင်ငံတွေအထိ ဂယက်ရိုက်ခတ်ခံရတာ တွေ့နိုင်ပါတယ်။

အင်အားကြီးနိုင်ငံတွေက ဩဇာလွှမ်းမိုးဖို့ အပြိုင်ကြိုးစားနေတဲ့ကာလမှာ အာဆီယံအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ကို ထိခိုက်စေမယ့် လုပ်ဆောင်ချက်တွေကို အဖွဲ့ဝင်နိုင်ငံတွေက ကာကွယ်စောင့်ရှောက်ကြဖို့လိုပါတယ်။ အာဆီယံရဲ့ အခြေခံမူထဲမှာ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားလိုက်နာခြင်းဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် အာဆီယံအဖွဲ့ကြီးကို ခိုင်မာအားကောင်းသော၊ စည်းလုံးညီညွတ်သော၊ တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်သောအဖွဲ့ကြီးဖြစ်ဖို့ဆိုရင် အာဆီယံနိုင်ငံတွေအကြား အာဆီယံအခြေခံမူတွေနဲ့အညီ လုပ်ဆောင်ကြမှသာ အာဆီယံရဲ့ ရည်မှန်းချက်တွေ ပြည့်ဝလာမှာ ဖြစ်ပါတယ်။ ။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၄၀ မောမြေထဲကပဒိုဝ်းဒေသ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၅ ယှက်ဖြာသွယ်တန်းထားပုလဲကေရီမှ ကျေးလက်လမ်းကွန်ရက်များ (အပိုင်း-၂)
- ၁၂:၃၀ MRTV National News
- ၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား
- ၁၇:၁၀ လူမှုဘဝမြှင့်တင်ဖို့ တိုင်းရင်းကြက်ကိုမွေးကြစို့
- ၁၇:၄၅ လာခဲ့ပါအဆွေ သာစွဌာနေ ဟသာ်တမြေ (အပိုင်း-၂)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ (၃၀)ဖြာမင်္ဂလာ 'ကာလေနဓမ္မဿဝနံ' (သင့်လျော်သောအခါတရားတော်ကို နာကြားခြင်း)
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ပျံ့အမှန်း' (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ "ဘူရိဒတ်ဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၁)

**mitv**

- 07:02 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 Myanmar Traditional Snacks: Shwe Hta Min
- 07:13 Mural Painting Bagan
- 07:26 Mon Traditional Dishes
- 07:35 Winkabar Festival
- 08:01 Fine Arts Podium (Conch Shell Wind Instrument)
- 08:16 Discovering Tribes: Bwe
- 08:44 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
- 09:01 News
- 09:26 Global Partnership for Brighter Future: Norway Pavilion at Expo 2020 Dubai
- 09:36 The Banjoist
- 09:53 Tea Leaves
- 10:01 Wet Markets of Yangon: Thirimingalar Market

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပန်းချီဆရာ စောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချပ်ကျေးရွာမှ တောင်ပေါ်ပန်းသီးများ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဈေးကွက်ဝင်ငရုတ်ပင်စိုက်ပျိုးနည်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ငကန်ဖျိုင်နှင့် ရွှေဖရုံသီးချက်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မာလာငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (မိတ်ဆွေနှင့်ဆွေမျိုးအကြောင်း)

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လယ်ဆူးညားမင်္ဂဇင်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၃)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ ရှေးချယ်တင်မြောက်ပုံစနစ် (အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၀ အထွက်နှုန်းပိုတိုးဖို့ စမ်းသပ်စိုက်ပျိုးစို့
- ၀၇:၃၅ တိရိစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး)
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၀၀ "ပြုံးပန်းဝေဖြာတို့တောရွာ" မြက်ပျိုးခင်း
- ၀၉:၂၀ ဆင်သေချောင်းနံဘေးကတောင်သူဘဝ
- ၀၉:၄၅ ချဉ်ပေါင်လျှော်တစ်ခေတ်ဆန်းသစ်ရန် စပါးရိုးသုတေသနနှင့်မျိုးပွားခြံ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် သြဂုတ် ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သေတဲ့သူကသေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ"** ခေါင်းစဉ်ဖြင့် သြဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ လဝကရုံးအတွင်းသို့ PDF အကြမ်းဖက်သေနတ်သမားနှစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ဦးစီးမှူး စိုးရိမ်ဒဏ်ရာရ၍ ဒုဦးစီးသေဆုံးခဲ့သည့်ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအလွတ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအလွတ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၈ လမ်း Urban Cue Billiards Centre အားကစားခန်းမ၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် ဘိလိယက် တစ်ဦးချင်း၊ စနူကာ တစ်ဦးချင်း ယှဉ်ပြိုင်ကြကာ မြန်မာ့လက်ရွေးစင် ကစားသမားများမှလွဲ၍ အလွတ်တန်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲတွင် မြို့နယ် ၃၈ မြို့နယ်မှ ဘိလိယက်နှင့် စနူကာ အားကစားသမား ၁၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို သြဂုတ် ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းကျင်းပ**

ယင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ ဆပ်ကော်မတီနှင့် Urban Cue Billiards Centre တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆-၈-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၇၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၈၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၇၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၀၀ ကျပ် | ၂၇၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၈၀ ကျပ် | ၂၈၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၂၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၂ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၂၆၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၆ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၁၉ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၅၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၆၉၀၀ | ၉၅ | ၆၅၅၈၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၂၇၇ | ၆၇၈၆၅၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၁ | ၆၉၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၈၄ | ၁၅၁၂၀၀၀ |
| TMH | ၂၃၀၀ | ၂၃၀၀ | ၂၄၄ | ၅၆၁၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
- ဓာတ်ပုံသတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြစိမ်းရောင်ဟု ခေါ်ပါသည် (၁)

မြင့်စိုး(နတလ)

**ဝမ်းသာဂုဏ်ယူခဲ့ကြသည်**

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် တတိယနေ့အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့သည် -

> **"သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းအနေဖြင့်လည်း အောင်မြင်တိုးတက်မှုများ ရှိကြောင်း၊ သမဝါယမအသင်းများကို အမှန်တကယ်လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း"**

မြစိမ်းရောင်စီမံကိန်း၏ အောင်မြင်မှုများနှင့် ပတ်သက်၍ ယင်းကဲ့သို့ ထည့်သွင်းမိန့်ကြားသွားခဲ့ရာ ထိုစီမံကိန်းကို လွန်ခဲ့သည့် ရှစ်နှစ်ခန့်ကတည်းက အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများအနေဖြင့်လည်း များစွာဝမ်းသာပီတိဖြစ်ခဲ့ကြရသည်။ ဂုဏ်ယူဝမ်းမြောက်ခဲ့ကြရသည်။

**မြစိမ်းရောင်ဆိုသည်မှာ**

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ထိုအထဲတွင်မှ ထက်ဝက်နီးပါးခန့်က နွမ်းပါးသူများ ဖြစ်နေကြပြန်သည်။ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအတွေ့အကြုံများအရ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် မိသားစုဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များကိုပါ အကောင်အထည်ဖော် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်လာကြောင်း တွေ့ရသည်။ နိုင်ငံအတွင်း ကွင်းဆင်းကောက်ယူခဲ့သော စစ်တမ်းများအရ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတိုးမဲ့ချေးငွေ သို့တည်းမဟုတ် အတိုးနည်းချေးငွေ တစ်ရပ် ထူထောင်ပေးရန် လိုအပ်လာကြောင်း တွေ့ရသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ ဃ အပိုဒ် ၅ ပါပြဋ္ဌာန်းချက်အရ ကျေးလက်ဒေသနေ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ ညှိနှိုင်းရေးဆွဲထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်သူဗဟိုပြုအသွင်ဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဒီဇိုင်းရေးဆွဲ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။



နမ့်စန်မြို့နယ် တွံတီးကျေးရွာ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ကြစဉ်။

မည်သည့်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဟု အမည်ပေးရပါသနည်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို ဖော်ညွှန်းရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ထင်ဟပ်စေရန်အတွက် မျှော်မှန်းလျက် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းစီမံကိန်းအား "မြစိမ်းရောင်ကျေးရွာစီမံကိန်း" ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

**စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့်မူများ**

အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရပါမည် -

(က) ဆင်းရဲနွမ်းပါးသော ကျေးရွာဖြစ်ခြင်း
(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိခြင်း
(ဂ) တရားဥပဒေစိုးမိုးခြင်း
(ဃ) ကျေးရွာသူ ကျေးရွာသားများ၏ စည်းလုံးညီညွတ်မှုနှင့် စိတ်အားထက်သန်မှုရှိခြင်း (ကျေးရွာအား စီမံကိန်းဆောင်ရွက်ပေးရန် လိုလားထက်သန်စွာ တင်ပြတောင်းခံခြင်း)
(င) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်း လုံခြုံမှုရှိခြင်း

**စီမံကိန်းဆောင်ရွက်မည့်နည်းလမ်း**

စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသော ကျေးရွာတွင် အရင်းမပျောက် မတည်ရန်ပုံငွေကို စီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်သည်။ ယင်း မတည်ရန်ပုံငွေကို ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းဖြင့် အများသဘောတူညီချက်ရယူကာ ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်သောနည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။ ကြီးကြပ် စီမံခန့်ခွဲနိုင်ရန်အတွက် ကျေးရွာမှ အများသဘောတူမဲစနစ်ဖြင့် ရွေးချယ်ထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရပါမည်။ အဆိုပါလုပ်ငန်းအဖွဲ့ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ထိန်းသိမ်းကာ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများက လိုအပ်နေသောငွေကြေးအရင်းအနှီးအား သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးရပါမည်။ ဤနည်းဖြင့် ရန်ပုံငွေကို တိုးပွားစေကာ ရေရှည်တည်တံ့ခိုင်မြဲသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**ရန်ပုံငွေများ သတ်မှတ်ပေးခြင်း**

စီမံကိန်းဆောင်ရွက်မည့်ကျေးရွာ၏ အိမ်ခြေပေါ်မူတည်ပြီး ရန်ပုံငွေသတ်မှတ်ခြင်းကို အောက်ပါအတိုင်း (၄) မျိုး ခွဲခြားထားပါသည်-

| | | | |
|---|---|---|---|
| (က) | အိမ်ခြေ ၁၀၀ နှင့်အထက် | (Type-1) | ကျပ်သိန်း၃၀၀ |
| (ခ) | အိမ်ခြေ ၅၀ နှင့် ၁၀၀ ကြား | (Type-2) | ကျပ်သိန်း၂၀၀ |
| (ဂ) | အိမ်ခြေ ၅၀ နှင့်အောက် | (Type-3) | ကျပ်သိန်း၁၀၀ |
| (ဃ) | အိမ်ခြေ ၈၀ အောက်လျော့နည်းသော ကျေးရွာများအား စုစည်းဆောင်ရွက်ခြင်း | (Type-4) | ကျပ်သိန်း၃၀၀ |

စာမျက်နှာ ၂၁ သို့

> " နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ထိုအထဲတွင်မှ ထက်ဝက်နီးပါးခန့်က နွမ်းပါးသူများ ဖြစ်နေကြပြန်သည်။ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အတွေ့အကြုံများအရ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ အပြင် မိသားစုဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များကိုပါ အကောင်အထည်ဖော် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်လာကြောင်း တွေ့ရသည် "

*စာမျက်နှာ ၂၀ မှ*

**ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း**

အရင်းမပျောက် မတည်ရန်ပုံငွေ ထုထောင်ပေးခြင်းလုပ်ငန်း၊ သို့တည်းမဟုတ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှသည် ကျေးရွာအဆင့်ထိ ကော်မတီနှင့် လုပ်ငန်းအဖွဲ့အသီးသီးကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ပါသည် -

(က) ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဗဟိုကြီးကြပ်မှုကော်မတီ
( ခ ) ပြည်နယ်/တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီ
( ဂ ) ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့
(ဃ) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့
( င ) ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေပုဒ်မ ၆၈ တို့အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဗဟိုကြီးကြပ်မှုကော်မတီအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းဥပဒေသတ်မှတ်ချက်များအရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အတွင်းရေးမှူး တာဝန်ထမ်းဆောင်ရပါမည်။ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌတာဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပါသည်။ ထိုနည်းတူစွာပင် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော ပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပါမည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ တိုင်းဒေသကြီးဦးစီးမှူးများက အတွင်းရေးမှူး တာဝန်ထမ်းဆောင်ရပါမည်။ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် စီမံကိန်းလုပ်ငန်းအဖွဲ့များကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းထားရှိပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပါသည်။

**ကျေးရွာအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးရွာအဆင့်၌ အောက်ဖော်ပြပါလုပ်ငန်းစဉ် ၁၁ ရပ်ဖြင့် ဆောင်ရွက်ရပါမည် -

- လုပ်ငန်းစဉ်-၁ ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း
- လုပ်ငန်းစဉ်-၂ စီမံကိန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ တက်ရောက်ခြင်း
- လုပ်ငန်းစဉ်-၃ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းရှင်ဖွင့်လှစ်ခြင်း
- လုပ်ငန်းစဉ်-၄ အတိုးနှုန်း၊ ချေးငွေပမာဏ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း
- လုပ်ငန်းစဉ်-၅ ကျေးရွာသူ ကျေးရွာသားများသို့ အသိပေးကြေညာခြင်း
- လုပ်ငန်းစဉ်-၆ ချေးငွေအဆိုပြုလွှာများ တောင်းခံခြင်းနှင့် စိစစ်အတည်ပြုခြင်း၊ ချေးယူသူစာရင်းများအား ကြော်ငြာဆိုင်းဘုတ်ဖြင့် ကြေညာခြင်း
- လုပ်ငန်းစဉ်-၇ စိစစ်ပြီး ချေးငွေအဆိုပြုလွှာများအား မြို့နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူခြင်း
- လုပ်ငန်းစဉ်-၈ ချေးငွေထုတ်ချေးပေးခြင်း
- လုပ်ငန်းစဉ်-၉ ချေးငွေနှင့် အတိုးကောက်ခံခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်း
- လုပ်ငန်းစဉ်-၁၀ လုပ်ငန်းများ စစ်ဆေးခြင်း၊ စာရင်းပြုစုခြင်း၊ အစီရင်ခံခြင်း
- လုပ်ငန်းစဉ်-၁၁ ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ စီမံကိန်း သုံးသပ်ခြင်း

*(ဆက်လက်ဖော်ပြပါမည်)*



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပေါက်ခေါင်းမြို့နယ် ချောင်းကျိုးကျေးရွာ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေအား လွှဲပြောင်းပေးစဉ်။

**❛မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို ဖော်ညွှန်းရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ထင်ဟပ်စေရန်အတွက် မျှော်မှန်း❜**

# မိုးရာသီရောက်တိုင်း ရွှံ့စေးများကြောင့် သွားလာရေးခက်ခဲသော မန်မိုင်(ရှမ်း)ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**လားရှိုး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဟိုပိတ်ကျေးရွာအုပ်စု မန်မိုင်(ရှမ်း) ကျေးရွာ၌ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မန်မိုင်(ရှမ်း)ကျေးရွာ ယခင်က ရွာတွင်းလမ်းများမှာ မိုးရာသီရောက်တိုင်း ရွှံ့စေးများကြောင့် သွားလာရေး ခက်ခဲခဲ့ကြောင်း၊ ယခုအခါ အဆိုပါ ကျေးရွာတွင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာတွင်းလမ်းအရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်း



လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့ ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

**နီလာ**

# မြန်အောင်၌ သဘာဝရေပြင်(ရောဝတီမြစ်)အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မြန်အောင် ဩဂုတ် ၁၆**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင် (ရောဝတီမြစ်)အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက်က မြန်အောင်မြို့ ပြည်တော်အေးဘုရားအနီး ရောဝတီသင်္ဘောဆိပ်၌ ပြုလုပ်သည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ငါးရိက္ခာ ဖူလုံစေရေးတို့အတွက် သဘာဝရေပြင်(ရောဝတီမြစ်) အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း ငါးသောင်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်းငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးမြင့်သိန်းထံမှ သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# တရားမဝင် ကုန်ပစ္စည်းနှင့်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပုသိမ် – ငွေဆောင် ကားလမ်းအနီး၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၀ ဒသမ ၃၁၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ် နန်းမားမြို့ မိုးညှင်း – ဟိုပင်သွားကားလမ်းအနီးတွင် တရားမဝင် ကျွန်းတံခါး အစိတ်အပိုင်း ဆိုဒ်စုံ ၀ ဒသမ ၉၃၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၁၇၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ အဆိုပါသစ်များ တင်ဆောင်လာသည့် Super Custom အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၆၁၇၆) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခဲမဖြူ/အဖြိုက်နက်ရောရာသတ္တု ၂ ဒသမ ၀၀ မက်ထရစ်တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး – ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ် (၂၁) မိုင် (၅) ဖာလုံတွင် အခွန်ပေးဆောင်ထားသည့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ပန်းပင်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း Kenbo 110 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀) နှင့် JLM 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ် အတွင်း တရားမဝင် မျောက်ငိုသစ် တန် ၄ ဒသမ ၅၁၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၁၃၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၆ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀)နှင့် ကလေးစီးစက်ဘီး အစီး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၈၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၃၂၄၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၄ ရက်၊ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၇၈၃၅၂ )ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၀ / ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)**

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-
(က) စက်နှင့်စက်အရန်ပစ္စည်းများ
Cell Bank, Instrument Spares
(ခ) ဓာတုဗေဒပစ္စည်းများ
Methyl Diethanolamine, Nalco–352, Ammonia Converter Catalyst, Potassium Carbonate

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၁၉.၈.၂၀၂၂ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂.၉.၂၀၂၂ရက် (၁၂:၀၀နာရီ)
၄။ **တင်ဒါပိတ်မည့်နေရာ** - စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ်(၄၄)၊နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါများကို ၁၉.၈.၂၀၂၂ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန (နေပြည်တော်)နှင့် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ သန်လျင်မြို့တွင်(၁၀:၀၀) နာရီ မှ (၁၆:၀၀) နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃ ၊ ၀၆၇-၃၄၁၁၁၇၅

---

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6C/1105, Toyota Mark II LX 100, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၉/ပမန(နိုင်)၁၈၂၀၃၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/4499, Lincoln Navigator , Station Wagon(4x4)L ယာဉ်လက်ဝယ်ရှိသူ U Aye Chan Aung ၉/ခအဇ(နိုင်)၀၁၂၉၄၀က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ ကောလင်း(၅)လမ်း၊ မြေကွက်အမှတ် (၆၀၇/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးမြင့်သိန်း (BHN- ၀၀၄၆၈၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစောသိန်း (၁၁/စတန(နိုင်) ၀၅၁၁၃၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, — **ဦးပြည်ဖြိုးအောင်** LL.B.

တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

---

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ ဆုံကုန်းရပ်ကွက်၊ (ကျည်တောင်ကန် အမှတ်(၅)ရပ်ကွက်)ရှိ ကွင်းအမှတ်(၁၅၁၅)၊ ဦးပိုင်(၆၆/၂) မြေကွက်အား ဦးထွန်းထွန်းဦး(ဘ)ဦးမောင်မြင့် ၅/စကန(နိုင်)၀၀၁၀၈၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော (၁)ဒေါ်အေးသီဝင်း ၆/ထဝန(နိုင်)၀၇၇၉၂၀၊(၂) ဒေါ်ခင်ဆွေဦး ၅/ကဘလ(နိုင်)၁၂၃၂၆၇ တို့က ရောင်းဖိုးတန်ဖိုးငွေအနက်မှ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများပြသ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်ဆုဆုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ၊စဉ်(၅၃၈၉၅)(၂၀-၁၁-၂၀၂၀)**
**အိမ်အမှတ်(၃၀၈၁၇)၊ ပိတောက်လမ်း၊ ဇဝနဒီပရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၄၄၄၀၃၇၃၄၉**

---




---

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-အိပ်ချ်)ဝေဇယန္တာရိပ်သာ(၁)လမ်း၊မြေကွက်အမှတ်(၉)၊ ဝေဇယန္တာရိပ်မွန်၊ အကျယ်အဝန်း(၅၉.၆'x ၈၀') ရေိယာ ၀ဒသမ၁၀၉ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ် အဆောက်အအုံနှင့် ရေမီးစုံ အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းဝေ ၁၂/မဂတ(နိုင်)၀၃၆၄၂၃ အမည်ဖြင့် မှတ်သားတည်ရှိပြီး မိမိမှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်အဆောက်အအုံနှင့် ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၀၊ ၀၉-၉၆၀၇၂၀၃၇၄**

---

**အများသိစေရန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးရပ်ကွက်၊ ကွင်းအမှတ် (၆၈၁/၈)၊ ဦးပိုင်အမှတ် -၇၊ အကျယ်အဝန်း(၂ဒသမ၀၀)ဧကရှိသော မြေသည် ဒေါ်တင်တင်အေး ၁၂/ပဘတ(နိုင်)၀၁၂၀၅၂ အမည်ဖြင့် ပုံစံ(၇)ရရှိထားသော မြေဖြစ်ပါသည်။ အဆိုပါမြေနှင့် ပတ်သက်၍ ပုံစံ(၇)မူရင်း ပျောက်ဆုံးနေကြောင်း သိရှိရပါသဖြင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားစာများ ပေးပို့ထားပြီးလည်း ဖြစ်ပါသည်။ အဆိုပါ ပုံစံ(၇)စာရွက်စာတမ်း(မူရင်း)အားတွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်ပေးအပ်ခဲ့ပါလျှင် ကျေးဇူးဆပ်မည်ဖြစ်ပါသည်။ ယင်းသို့မဟုတ်ပါဘဲ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်အေး၏အမည်ဖြင့် တည်ရှိနေသော ပုံစံ(၇) စာရွက်စာတမ်း(မူရင်း)အား ဥပဒေနှင့် အညီမဟုတ်ဘဲ လက်ဝယ်ထားရှိသူ(သို့မဟုတ်)ယင်းပုံစံ(၇)ရရှိထားသောမြေအား နည်းအမျိုးမျိုးဖြင့် စီမံခန့်ခွဲဆောင်ရွက်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အထူးအရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်တင်တင်အေး** | **ဦးအောင်မိုး(ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** |
| **၁၂/ပဘတ(နိုင်)၀၁၂၀၅၂** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၈၂၃၇)** | **(စဉ်-၁၂၆၇၆)** |

**ရွှေမိုးရိပ် ဥပဒေအတိုင်ပင်ခံနှင့် ဥပဒေဆိုင်ရာ အကျိုးဆောင်အဖွဲ့**
**ရုံး-အမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊လှိုင်မြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၄၄၅၅၅၁၆၂၊ ၀၉- ၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၇၇/၈)၊ အကျယ်အဝန်း(၃၀ပေ× ၇၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးနေဝင်းသွင် (၁၂/ သဃက (နိုင်) ၀၃၄၃၉၈)နှင့် ဒေါ်သက်သက်ခိုင် (၇/ပခန (နိုင်) ၀၉၆၈၂၅)တို့ (၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း:-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆ |

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ **Yankin Palm Village** အိမ်ရာ၊ တိုက်အမှတ် (၂၁)၊ အခန်းအမှတ်(၃၄)(တတိယထပ်)၊ အကျယ်အဝန်း (၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးချို (၁၂/ အစန (နိုင်) ၀၂၇၇၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း:-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)
## နေပြည်တော်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တွင်ခန့်ထားမည့် ဒုတိယစာရင်းအင်းမှူးရာထူး(၅၁) နေရာအတွက် ၂၃-၇-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ ခုံအမှတ်စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

**ဒုတိယစာရင်းအင်းမှူးရာထူးနေရာအတွက် ရေးဖြေအောင်မြင်သူ ခုံအမှတ်စာရင်း**

| | | | | | | |
|---|---|---|---|---|---|---|
| ကချင်-၀၀၁ | ကချင်-၀၀၂ | ကချင်-၀၀၄ | ကချင်-၀၀၅ | ကယား-၀၀၁ | ကယား-၀၀၃ | ကရင်-၀၀၁ |
| ချင်း-၀၀၁ | စစ်ကိုင်း-၀၀၂ | စစ်ကိုင်း-၀၀၃ | စစ်ကိုင်း-၀၀၄ | တနင်္သာရီ-၀၀၁ | တနင်္သာရီ-၀၀၂ | ပဲခူး-၀၀၁ |
| ပဲခူး-၀၀၂ | ပဲခူး-၀၀၃ | မကွေး-၀၀၃ | မကွေး-၀၀၆ | မကွေး-၀၀၇ | မကွေး-၀၀၈ | မကွေး-၀၀၉ |
| မကွေး-၀၁၀ | မကွေး-၀၁၂ | မကွေး-၀၁၃ | မန္တလေး-၀၀၃ | မန္တလေး-၀၀၄ | မန္တလေး-၀၀၅ | မွန်-၀၀၁ |
| မွန်-၀၀၂ | ရခိုင်-၀၀၁ | ရခိုင်-၀၀၂ | ရခိုင်-၀၀၄ | ရခိုင်-၀၀၅ | ရန်ကုန်-၀၀၁ | ရန်ကုန်-၀၀၂ |
| ရန်ကုန်-၀၀၄ | ရန်ကုန်-၀၀၆ | ရန်ကုန်-၀၀၇ | ရန်ကုန်-၀၀၈ | ရှမ်း-၀၀၁ | ရှမ်း-၀၀၂ | ရှမ်း-၀၀၃ |
| ရှမ်း-၀၀၄ | ရှမ်း-၀၀၆ | ဧရာဝတီ-၀၀၁ | ဧရာဝတီ-၀၀၅ | ဧရာဝတီ-၀၀၆ | ဧရာဝတီ-၀၀၇ | နပတ-၀၀၁ |
| နပတ-၀၀၂ | နပတ-၀၀၃ | နပတ-၀၀၄ | နပတ-၀၀၈ | နပတ-၀၁၄ | နပတ-၀၁၅ | နပတ-၀၁၆ |
| နပတ-၀၂၃ | နပတ-၀၂၄ | နပတ-၀၂၆ | နပတ-၀၂၈ | နပတ-၀၂၉ | နပတ-၀၃၁ | နပတ-၀၃၇ |
| နပတ-၀၄၀ | နပတ-၀၄၁ | နပတ-၀၄၃ | နပတ-၀၄၅ | နပတ-၀၄၉ | နပတ-၀၅၀ | နပတ-၀၅၂ |
| နပတ-၀၅၅ | နပတ-၀၅၇ | နပတ-၀၅၈ | နပတ-၀၅၉ | နပတ-၀၆၁ | နပတ-၀၆၄ | နပတ-၀၆၅ |

၂။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စာစစ်ဌာနများမှ ရေးဖြေအောင်မြင်သူများသည် မိမိတို့ဖြေဆိုခဲ့သော တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများမှ ရေးဖြေအောင်မြင်ခဲ့သူများသည် ရုံးအမှတ်-၃၂၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်(ရုံးချုပ်) သို့လည်းကောင်း ၂၆-၈-၂၀၂၂ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း သတင်းပေးပို့ရန်ဖြစ်ပါသည်။

၃။ ရုံးချုပ်တွင် သတင်းပေးပို့သူများသည် ၂၇-၈-၂၀၂၂ ရက်တွင် လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ သတင်းပေးပို့သူများအနေဖြင့် ၂၉-၈-၂၀၂၂ ရက်နေ့နှင့် ၃၀-၈-၂၀၂၂ ရက်နေ့များတွင် Online ဖြင့် လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးအမှတ်-၃၂)၊ စီမံခန့်ခွဲရေးဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၄၀၆၃၂၉၊ ၄၀၆၃၇၂ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုစာရင်းအင်းအဖွဲ့**

---

### ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅နှင့်ဆက်နွှယ်သည့်
### ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၃

ဦးအေးမင်းဇော် နှင့် ဒေါ်မြင့်မြင့်ဝင်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည/တိုးချဲ့)ရပ်ကွက်၊ သုနန္ဒာလမ်းသွယ်၊ အမှတ်(၆၁)နေ ဒေါ်မြင့်မြင့်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားနိုင်က တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂အရ ဤရုံးတော်သို့ သင်တို့အပေါ်၌ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅တွင် ရရှိခဲ့သော ဒီကရီကိုအတည်ပြုလုပ်ပေးရန် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၃၁ရက် (၁၃၈၄ခုနှစ် တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေနှင့်ဖြစ်စေ ဤရုံးတော်သို့ လာရောက်စေ။

၂၀၂၂ခုနှစ်၊ ဩဂုတ် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ လက်ဝဲသုန္ဒရလမ်း၊ မြေကွက်အမှတ်(၄၅၂)၊ အဆောက်အအုံအမှတ်(၄၅၂)တွင် ဆောက်လုပ်ထားသည့် (၆) ထပ်တိုက်အနက်မှ အခန်းအမှတ် (၆-ဘီ) (၆-လွှာ) အကျယ်အဝန်း (၁၈ပေ× ၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်းခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းသန်းဝင်း (၁၂/ကမရ(နိုင်)၀၀၉၄၅၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph,09421746974
အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊

---

### ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆နှင့်ဆက်နွှယ်သည့်
### ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄

ဦးအေးမင်းဇော် နှင့် ဒေါ်မြင့်မြင့်ဝင်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည/တိုးချဲ့)ရပ်ကွက်၊ သုနန္ဒာလမ်းသွယ်၊ အမှတ်(၆၁)နေ ဒေါ်မြင့်မြင့်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားနိုင်က တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂အရ ဤရုံးတော်သို့ သင်တို့အပေါ်၌ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆ တွင် ရရှိခဲ့သောဒီကရီကိုအတည်ပြုလုပ်ပေးရန် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ် ၃၁ရက် (၁၃၈၄ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေနှင့်ဖြစ်စေ ဤရုံးတော်သို့ လာရောက်စေ။

၂၀၂၂ခုနှစ်၊ ဩဂုတ် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးမြင့်အောင် ၁၂/ဒဂတ(နိုင်)၀၀၂၂၀၄ (ဘ)ဦးသန်းတင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၃၈၃)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းအေး ၁၂/သကတ(နိုင်)၀၄၈၃၁၅ (ဘ)ဦးပါမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၇)လမ်း၊ အမှတ်(၁၀၁၀-က) မြေကွက်ပေါ်ရှိ အဆောက်အအုံ၏ (ဒုတိယထပ်)၊ ဧရိယာ (၁၈ ပေx ၅၅ ပေ)ရှိ ရေ၊ မီးစုံ တိုက်ခန်းတစ်ခန်းနှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၇)လမ်း၊ အမှတ် (၁၀၁၀-က) ဧရိယာ (၂၀ ပေx၆၀ ပေ)ဟု ခေါ်တွင်သောမြေနှင့် မြေပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသော ဦးရဲထွဋ် ၁၂/ဥကတ(နိုင်)၀၀၀၅၆၄ မှ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယုသဉ္ဇာထွေး ၉/မဟမ(နိုင်)၀၀၈၉၈၀က အပြီးအပိုင် ဝယ်ယူရန် လက်ခံသည့်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းတစ်ခန်းနှင့် မြေပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ယုသဉ္ဇာထွေး**
**၉/မဟမ(နိုင်)၀၀၈၉၈၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဖုန်းမြင့်** **ဒေါ်မေသီဂီဟန်**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၁၅၆၈၉** **စဉ် - ၁၅၅၄၃**
**အမှတ်(၃၇၉)၊ ကန်ဦးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၈-၂၀၂၂ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဒေါ်နန်းရွှေရင် ၁၃/လရန(နိုင်)၁၄၂၂၈၁မှ အစား ဒေါ်နန်းရွှေရင် ၁၃/လရန(နိုင်)၁၄၂၂၈၁ ထံမှ အပြီးအပြတ်ဝယ်ယူရန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

**ပြင်ဆင် ဖတ်ရှုပါရန်**

၁၀-၈-၂၀၂၂ ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၂၇) မန္တလေးခရိုင်ရုံး၊ ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂၇ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) ကြော်ငြာစာ ကြော်ငြာတွင် ၂၀၂၂ခုနှစ် ဩဂုတ်လ ၂၈ ရက်အစား ဩဂုတ်လ ၈ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/48274 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစောကိုကိုလေး ၁၄/ဟသတ(နိုင်) ၂၂၇၃၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/1907 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးစိုင်းဆိုက် ၁၃/ကတန(နိုင်) ၀၃၂၈၀၈နှင့် ကျွန်မ ဒေါ်နန်းစံဖောင်း ၁၃/ ကတန(နိုင်) ၀၀၃၄၉၉တို့သည် ၁၆-၈-၂၀၂၂ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ဦးစိုင်းဆိုက်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့သည် ကျွန်မနှင့်တစ်စုံတစ်ရာပတ်သက်သက်ဆိုင်တော့ခြင်းမရှိပါကြောင်း၊ ဦးစိုင်းဆိုက်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို ကျွန်မမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစံဖောင်း ၁၃/ကတန(နိုင်) ၀၀၃၄၉၉**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၇၂၅၀၇, Honda-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ထွန်း ၉/ပမန(နိုင်)၁၅၈၇၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်ဌေး ၁၁/စတန(နိုင်)၁၀၅၅၈၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၂၈၀၉၀၁၉၁**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောညွန့်မောင် ၁၁/စတန(နိုင်) ၁၁၀၀၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၂၈၀၉၀၁၉၁**

---

## ဈေးဆိုင်ခန်း အခွန်ထမ်းအမည်လွှဲပြောင်းခြင်းအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁။ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးနှင့် လားရှိုးကြီးဈေးနှင့် မန်ဆူဈေးရှိ အောက်ဖော်ပြပါ ဈေးဆိုင်ခန်းရှင်များမှ ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။

၂။ အထက်ပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း ဆိုင်ခန်းအခွန်ထမ်းအမည်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ဈေးအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | မြို့မဈေး | ၁/၄၅ | ဦးမောင်သိန်း | ၁၃/လရန(နိုင်)၀၇၉၇၇၆ | ရ.က(၃)၊ န.မ(၁၂)၊ လားရှိုးမြို့ | ဒေါ်နယ်လီ | ၁၃/ကခန(ဧည့်)၀၀၀၁၂၈ | ရ.က(၃)၊ န.မ(၁၂)၊ လားရှိုးမြို့ |
| ၂ | မြို့မဈေး | ၁(ပ)/၂၅ | ဦးဖုန်လင် | ၁၃/လရန(နိုင်)၀၅၃၃၀၁ | ရ.က(၅)၊ န.မ(၅)၊ လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၃ | မြို့မဈေး | ၁(ပ)/၃၇၊ ၃၈၊ ၅၅၊ ၅၆၊ ၁၅၉၊ ၁၆၀ | ဒေါ်ရန်ရှုလင်(ခ) ချိုချိုဝင်း | ၁၃/လရန(နိုင်)၀၇၁၉၄၃ | ရ.က(၅)၊ န.မ(၁၇)၊ လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၄ | မြို့မဈေး | ၁(ပ)/၄၈ | ဒေါ်စိန်မြင့်(ခ) Kyoe May Lee | ၁၃/လရန(နိုင်)၀၀၀၁၂၆ | ရ.က(၇)၊ န.မ(၁၁)၊ လားရှိုးမြို့ | ဦးအောင်မျိုးကျော် | ၁၃/လရန(ပြု)၀၀၀၁၈၉ | ရ.က(၇)၊ န.မ(၁၁)၊ လားရှိုးမြို့ |
| ၅ | မြို့မဈေး | ၁(ပ)/၆၆၊ ၈၅ | ဒေါ်ဟော်ရင်းကြူ | ၁၃/ကခန(နိုင်)၀၂၆၅၁၄ | ရ.က(၅)၊ န.မ(၁၆)၊လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၆ | မြို့မဈေး | ၁(ပ)/၁၂၃၊ ၁၃၀ | ဦးလှိုဟန်ခိုက် | ၁၃/လရန(နိုင်)၀၅၃၇၈၉ | ရ.က(၂)၊ န.မ(၇)၊လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊န.မ(၅)၊ လားရှိုးမြို့ |
| ၇ | မြို့မဈေး | ၁(ပ)/၁၈၄ | ဒေါ်တွမ်မေယု(ခ) တွမ်မေဂျီ | ၁၃/လရန(နိုင်)၀၉၅၁၄၉ | ရ.က(၅)၊ န.မ(၁၁)၊လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၈ | မြို့မဈေး | ၁(ပ)/၁၈၅၊၁၈၆ | ဦးဟွာမြင့်ကွမ်း | ၁၃/လရန(နိုင်)၀၉၅၂၉၄ | ရ.က(၅)၊ န.မ(၁၁)၊လားရှိုးမြို့ | ဒေါ်တင်တင်အေး | ၁၂/လမတ(နိုင်)၀၂၀၃၇၃ | ရ.က(၃)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၉ | မြို့မဈေး | ၂/၂ | ဦးဝင်းခိုင် | ၁၃/လရန(နိုင်)၀၂၈၉၅၄ | ရ.က(၂)၊ န.မ(၆)၊လားရှိုးမြို့ | ဒေါ်အေးထွမ်း | ၁၃/လရန(နိုင်)၀၃၂၄၁၁ | ရ.က(၂)၊ န.မ(၈)၊ လားရှိုးမြို့ |
| ၁၀ | မြို့မဈေး | ၂/၂၇၃ | ဒေါ်ခေါင်ရီကြီး | ၁၃/လရန(နိုင်)၀၇၈၅၁၁ | မိုင်းလုံးရပ်ကွက်၊ လွိုင်ကော်မြို့ | ဒေါ်စန်းစန်းအေး | ၁၃/ကခန(နိုင်)၀၁၁၉၃၃ | ရ.က(၅)၊ န.မ(၁၈)၊ လားရှိုးမြို့ |
| ၁၁ | မြို့မဈေး | ၂(ပ)/၇၈ | ဒေါ်လီဖုန်ရီ | ၁၃/ကခန(နိုင်)၀၄၁၂၆၈ | ရ.က(၆)၊ န.မ(၈)၊ လားရှိုးမြို့ | ဒေါ်ဟွမ်ဇီး | ၁၃/လရန(နိုင်)၀၆၃၁၂၁ | ရ.က(၁၂)၊ န.မ(၁၄)၊ လားရှိုးမြို့ |
| ၁၂ | မြို့မဈေး | ၂/၃၁၅ | ဦးသန်းနိုင် | ၁၃/လရန(နိုင်)၀၁၄၂၁၂ | ရ.က(၂)၊ န.မ(၈)၊လားရှိုးမြို့ | ဒေါ်အေးထွမ်း | ၁၃/လရန(နိုင်)၀၃၂၄၁၁ | ရ.က(၂)၊ န.မ(၈)၊ လားရှိုးမြို့ |
| ၁၃ | မြို့မဈေး | ၃/၁၈၀ | ဒေါ်ဖြူဖြူစိန် | ၉/မထလ(နိုင်)၁၇၈၀၄၁ | ရ.က(၁)၊ န.မ(၁)၊လားရှိုးမြို့ | ဦးလှဘော် | ၁၃/လရန(နိုင်)၀၇၁၁၃၆ | ရ.က(၁)၊ န.မ(၁)၊ လားရှိုးမြို့ |
| ၁၄ | မြို့မဈေး | ၃/၂၂၇၊ ၂၂၈ | ဒေါ်ရှုရင်း | ၁၃/လရန(နိုင်)၀၈၁၄၀၅ | ရ.က(၅)၊ န.မ(၁၆)၊လားရှိုးမြို့ | ဒေါ်ရီရီဝင်း | ၁၃/မရတ(နိုင်)၀၀၇၃၄၃ | ရ.က(၇)၊ န.မ(၉)၊ လားရှိုးမြို့ |
| ၁၅ | မြို့မဈေး | ၃/၃၉၀ | ဒေါ်ကျင်းကျိန် | ၁၃/ကလတ(နိုင်)၀၀၉၂၄၆ | ရ.က(၁၂)၊ န.မ(၁၂)၊လားရှိုးမြို့ | ဦးအိုက်ခမ်း | ၁၃/ဟပတ(နိုင်)၀၁၈၀၄၄ | ရ.က(၁)၊ န.မ(၄)၊ လားရှိုးမြို့ |
| ၁၆ | မြို့မဈေး | ၃/၂၄ | ဦးကွယ်ချန်း | ၁၃/လရန(နိုင်)၀၇၁၃၂၈ | ရ.က(၁)၊ န.မ(၅)၊လားရှိုးမြို့ | ဒေါ်လီကျင်ဖုန်း(ခ) သိန်းရင် | ၁၃/လရန(နိုင်)၀၅၃၄၃၂ | ရ.က(၁)၊ န.မ(၅)၊ လားရှိုးမြို့ |
| ၁၇ | မြို့မဈေး | ၄/၇၀ | ဦးမောင်သိန်း | ၁၃/လရန(နိုင်)၀၇၉၇၇၆ | ရ.က(၃)၊ န.မ(၁၂)၊လားရှိုးမြို့ | ဒေါ်နယ်လီ | ၁၃/ကခန(ဧည့်)၀၀၀၁၂၈ | ရ.က(၃)၊ န.မ(၁၂)၊ လားရှိုးမြို့ |
| ၁၈ | မြို့မဈေး | က-၅/၄ | ဦးအဇစ် | ၁၃/လရန(နိုင်)၀၈၈၉၃၆ | ရ.က(၆)၊ န.မ(၂)၊လားရှိုးမြို့ | ဦးညီညီထွေး | ၁၄/ပသန(နိုင်)၀၀၂၅၄၇ | ရ.က(၁)၊ န.မ(၁)၊ လားရှိုးမြို့ |
| ၁၉ | မြို့မဈေး | ဆ-၂/၁ | ဦးဘစိန် | ၁၃/လရန(နိုင်)၁၃၀၈၆၁ | ရ.က(၁၂)၊ န.မ(၁၉)၊လားရှိုးမြို့ | ဒေါ်ဝမ်ရီဖုန်း | ၁၃/လရန(နိုင်)၀၈၉၅၈၅ | ရ.က(၁၂)၊ န.မ(၁၉)၊ လားရှိုးမြို့ |
| ၂၀ | မြို့မဈေး | ဆ-၂/၁၅ | ဦးချိန်ကြားဖူ | ၁၃/လရန(နိုင်)၀၅၃၈၅၁ | ရ.က(၃)၊ န.မ(၈)၊လားရှိုးမြို့ | ဦးချိန်ကျူချူ | ၁၃/လရန(နိုင်)၁၀၀၀၂၁ | ရ.က(၃)၊ န.မ(၈)၊ လားရှိုးမြို့ |
| ၂၁ | မြို့မဈေး | ထ-၁/၂၄ | ဒေါ်ခင်မာအေး | ၁၃/လရန(နိုင်)၀၂၄၉၀၅ | ရ.က(၅)၊ န.မ(၉)၊ လားရှိုးမြို့ | ဒေါ်စုနန္ဒာနေဝင်း | ၁၃/လရန(နိုင်)၁၄၄၃၂၇ | ရ.က(၅)၊ န.မ(၁၆)၊ လားရှိုးမြို့ |
| ၂၂ | မြို့မဈေး | ထ-၁/၂၆ | ဒေါ်ခင်စော | ၁၃/လရန(နိုင်)၀၁၈၁၂၆ | ရ.က(၄)၊ န.မ(၁၀)၊လားရှိုးမြို့ | ဒေါ်သန်းသန်းအေး | ၁၃/လရန(နိုင်)၁၁၀၂၄၅ | ရ.က(၅)၊ န.မ(၂)၊ လားရှိုးမြို့ |
| ၂၃ | မြို့မဈေး | ငါး/၁၄ | ဒေါ်စန်းမြိုင် | ၉/မနမ(နိုင်)၀၂၂၂၇၇ | ရ.က(၁)၊ န.မ(၉)၊လားရှိုးမြို့ | ဦးသိန်းလှိုင် | ၅/ဘတလ(နိုင်)၀၇၀၇၉၇ | ရ.က(၁)၊ န.မ(၉)၊ လားရှိုးမြို့ |
